# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 30 June 2020 ၁၀၀၅၉



**ကြေးမုံ ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၅

--------

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်**

စာမျက်နှာ » ၄

--------

**မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ အပိုင်း (၄) ဒုတိယမျိုးဆက်ဥပဒေ**

စာမျက်နှာ » ၆

--------



**ပြည်ဝင်ခွင့်အကန့်အသတ်များ ဖြေလျှော့ရန် ဥရောပသမဂ္ဂ လုပ်ဆောင်**

စာမျက်နှာ » ၁၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက် (၁)လ၊ (၂)လလောက် အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရကြောင်း ရေးသားဖော်ပြ



နေပြည်တော် ဇွန် ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယ အကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့ အတွက်(၂)ပတ်တစ်ကြိမ်အခြေအနေတွေကိုသုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါကြောင်း၊ ယခုလကုန်မှာ မိမိနေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်ကို မြို့နယ်တွေ အားလုံး ဖြေလျှော့ပေးနိုင်ပြီဖြစ်ပါကြောင်း။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါကြောင်း၊ ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက် (၁)လ၊ (၂)လ လောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း၊ ရောဂါလက္ခဏာ လုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့လိုပါကြောင်း၊ ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါကြောင်း၊ လက်ကို ခဏခဏဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

အိမ်မှာနေရတဲ့ကာလတွေအတွင်းမှာ အွန်လိုင်းအရောင်းအဝယ်တွေ မြင့်မားလာတယ်လို့ သိရပါကြောင်း၊ လူသားတွေရဲ့အခြေအနေသစ်တွေရဲ့ လိုအပ်ချက်အရ ပြောင်းလဲနိုင်တာကို ပြတာပဲဖြစ်ပါကြောင်း၊ အချို့ကိစ္စတွေကတော့ ဘယ်တော့မှ မပြောင်းပါကြောင်း၊ ပြောင်းသင့်တဲ့အခါ ပြောင်းဖို့လိုတာက ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့အရာပါ။ မိမိတို့ပြည်သူတွေ ပြောင်းသင့်ရင် ပြောင်းနိုင်စွမ်းရှိကြပါစေဟု ရေးသားထားသည်။

- **ယခုလကုန်မှာ မိမိနေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပြီဖြစ်။**
- **ရောဂါလက္ခဏာလုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့လို။**
- **ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီး၊ လက်ကို ခဏခဏဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။**




# ကြေးမုံ

## ကိုဗစ်-၁၉ မှ အကျိုးရလဒ်များထုတ်ဖော်

(၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရသည့် ဗီယက်နမ်နိုင်ငံက (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီလအတွင်း ဒါနန်းမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် မူလကစီစဉ်ခဲ့သော်လည်း ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အစည်းအဝေးများကို ဇွန်လ ၂၆ ရက်နေ့တွင် video conferencing စနစ်ဖြင့် ကျင်းပခဲ့သည်။

အာဆီယံအနေဖြင့် ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ပုံမှန်ကျင်းပလျက်ရှိရာ ယခုနှစ်ထိပ်သီးအစည်းအဝေးကို အာဆီယံ၏ နှစ် (၅၀) ကျော်သက်တမ်းကာလအတွင်း video conferencing စနစ်ဖြင့် ပထမဆုံး အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ဖြစ်ထွန်းနေသော ယနေ့ကာလတွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်လာရပြီး မည်မျှဝေးလံသော နိုင်ငံဒေသမှဖြစ်စေ နိုင်ငံ့ခေါင်းဆောင်များသည် အဝေးမှပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်မြင်တွေ့ဆက်ဆံနိုင်ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားများကို အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်နိုင်ကြပြီဖြစ်သည်။

ယခုကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များသည် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ အာဆီယံပြင်ပဆက်ဆံရေး၊ ပြောင်းလဲနေသည့်ဒေသတွင်း ဗိသုကာပုံစံတွင် အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှုရေး-စီးပွားရေး ထိခိုက်နစ်နာမှုများနှင့် နောက်ဆက်တွဲပြဿနာများကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းရေး၊ ကိုဗစ်-၁၉ အလွန်ကာလတွင် အာဆီယံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွက် ပြည့်စုံသည့်စီမံချက်တစ်ရပ် ရေးဆွဲချမှတ်ရေး၊ ဒစ်ဂျစ်တယ်ခေတ်တွင် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကိုအကြောင်းပြုပြီး ကမ္ဘာ့နိုင်ငံများသည် ဒစ်ဂျစ်တယ်နည်းပညာကို လက်တွေ့ကျကျအသုံးချ၍ နိုင်ငံများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေကြပြီ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း အချိန်နှင့်တစ်ပြေးညီ မြင်တွေ့ဆက်ဆံပြီး နှစ်နိုင်ငံအကျိုးစီးပွားများကို ဖော်ဆောင်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့ခေါင်းဆောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်ဓာတ်ခွန်အားတိုးပွားရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများသာမက နယ်ပယ်ဒေသအသီးသီးမှ ပြည်သူများနှင့်ပါ မြင်တွေ့ဆက်ဆံ လမ်းညွှန်မှုများပေးနိုင်သည်မှာ နည်းပညာခေတ်၏တိုးတက်ဖြစ်ထွန်းလာသော ရလဒ်ကောင်းများကြောင့် ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး မြင်တွေ့ဆက်ဆံနိုင်သော video conferencing စနစ်ဖြင့်ဖြစ်စေ၊ အခြားနည်းပညာ ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ နိုင်ငံနှင့်ပြည်သူအကျိုးပြုမည့်ကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ထိုအကျိုးရလဒ်များကို အင်တာနက်ဆက်သွယ်မှု ကြားခံပစ္စည်း ကောင်းလျှင်ကောင်းသလောက် အလုပ်ဖြစ်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးစ မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးစနစ်မှာ ယခင်ထက်စာလျှင် တိုးတက်ကောင်းမွန်လာသော်လည်း တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ နည်းပညာဆက်သွယ်ရေးတို့သည် အရေးကြီးသည့်အချက်များဖြစ်၍ ယင်းတို့ကို လွှမ်းခြုံဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်နေသည်ကိုတွေ့မြင်ရပြီး ဆက်သွယ်ရေးနည်းပညာစနစ်များပါ လွှမ်းခြုံတိုးတက်ကောင်းမွန်လာပါက အချိန်မရွေး၊ နေရာမရွေး တိုးတက်ဖွံ့ဖြိုးရေးကို အလျင်အမြန်ဆောင်ရွက်နိုင်သည်ကို ကိုဗစ်-၁၉ ဆောင်ရွက်ချက်များက လက်တွေ့ပြသနေပြီဖြစ်သည်။ နည်းပညာကို အသုံးချနိုင်ခြင်းသည် လက်တွေ့သွားရောက်ဆောင်ရွက်ခြင်းထက် ကုန်ကျစရိတ်များစွာကို လျှော့ချနိုင်သည့်အတွက် ပိုလျှံလာသောဘဏ္ဍာငွေများကို အခြားလိုအပ်သောနေရာများတွင် အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ မှရရှိလာသော လက်တွေ့သင်ခန်းစာများအရ အကျိုးရလဒ်ကောင်းများကို ဖော်ထုတ်နိုင်ပြီဖြစ်ရာ ကိုဗစ်-၁၉ ကာလမှ ကိုဗစ်-၁၉ အလွန်ကာလတွင် နည်းပညာကိုအသုံးချပြီး လိုအပ်မှသာ ထိတွေ့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးရှိအောင် စွမ်းဆောင်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။ ။

## ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**မော်လမြိုင် ဇွန် ၂၉**

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ရည်ညွှန်းစာစောင်များကို မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုလို ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ရည်ညွှန်းစာစောင်များကို လေ့လာ၍ စာအုပ်ပါရည်ရွယ်ချက်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရည်ရွယ်ချက်များကို မိမိတို့ပြည်နယ်အတွင်းရှိ ပြည်သူလူထုများ ပိုမိုသိရှိနိုင်စေရန် ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားသည်။




ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့အတွက် ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံသို့ ရည်ညွှန်းစာစောင် ၁၈ စုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိထံသို့ ရည်ညွှန်းစာစောင် ၃၄ စုံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးထံသို့ ရည်ညွှန်းစာစောင် ငါးစုံ စုစုပေါင်း ရည်ညွှန်းစာစောင် ၅၇ စုံကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဆည်မြေမျိုးစေ့ထုတ် သမဝါယမအသင်းမှ မျိုးကောင်းမျိုးသန့်နှမ်းများ ထုတ်လုပ်ရောင်းချ

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာရှိ ရွှေဆည်မြေမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်၏ အသင်းသားများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနည်းပညာသုံး၍ အသင်းသားပိုင် ၃၅ ဧကပေါ်တွင် မျိုးကောင်းမျိုးသန့်နှမ်းများဖြစ်သော နှမ်းနှမ်း(နှမ်းနက်)၊ စိန်ခြယ်နှမ်း၊ မကွေး (၁/၁၃) နှမ်းမျိုးတို့ကို စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် နှမ်းရိတ်သိမ်းခြင်းနှင့် နှမ်းခါခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါမျိုးကောင်းမျိုးသန့်နှမ်းများမှာ တစ်ဧကလျှင် ၁၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံဈေးကွက်သို့ ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၁,၂၀၂ | ၁၂,၆၂၄,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၈၅၀ | ၁,၆၉၇ | ၆,၅၈၄,၈၀၀ |
| MCB | ၈,၂၀၀ | ၈,၁၀၀ | ၁၅၁ | ၁,၂၂၈,၂၀၀ |
| FPB | ၂၃,၀၀၀ | ၂၂,၅၀၀ | ၉၂၁ | ၂၀,၇၃၃,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၇ | ၇၆,၉၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၀၃ | ၂၇၈,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၉

ရန်ကုန်(ရွှေဈေး) ၁၂၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၆၀၀ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၉၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၃၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၇၅/၄၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၅/၄၅၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၂.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၆.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၇၆၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၁၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၀.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၃.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင်ဖန်တီးမှုအကောင်းဆုံး ဒုတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်



**နေပြည်တော် ဇွန် ၂၉**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင်ဖန်တီးမှု အကောင်းဆုံး ဒုတိယဆုရရှိသူအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီခဲ့ကြသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နိုင်ငံတော်အစိုးရအနေဖြင့် Corona-virus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကန့်သတ်စောင့်ကြည့်စခန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်မှ ကာကွယ်၊ ထိန်းချုပ် ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အခြေခံအချက်အလက်များကို သိရှိစေရန် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများကိုလည်း မြို့နယ်များအလိုက် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု အကြံဉာဏ်များကို အခကြေးငွေ မယူဘဲ မိမိတို့၏ဆန္ဒအရ အများ ကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့် ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင်ဖန်တီးမှု အကောင်းဆုံးဒုတိယဆုရရှိသူ ဦးခင်မောင်ဝင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ပြီး ရင်ခွင်မဲ့ကလေးများ လှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (နေပြည်တော်)၊ Nay Pyi Taw Covid-19 Volunteer Team (NCVT)၊ ရွှေပြည်တော်သို့ ဆုံမှတ်၊ မြတ်ပါရမီနှင့် လူငယ်ရေးရာကော်မတီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၂၆ ဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမီမီခင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာကျော့ခင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာအိအိလှိုင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာသင်းသုနိုင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာခင်မာလာထွန်း | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာမျိုးညွန့် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၇) | ဒေါက်တာစိုးဦး | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

## အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းသည့် AIPA အကြံပေးကောင်စီ၏ တတိယအကြိမ် အစည်းအဝေး ကျင်းပ




**နေပြည်တော် ဇွန် ၂၉**

အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းသည့် AIPA အကြံပေးကောင်စီ၏ တတိယအကြိမ် အစည်းအဝေး (3rd AIPACODD Meeting)ကို ယနေ့နံနက် ၈ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များညီလာခံ (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ဦးဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေး၌ ဗီယက်နမ် အမျိုးသားလွှတ်တော် 1st Vice-President – Mdm. Tong Thi Phong နှင့် AIPA အထွေထွေအတွင်းရေးမှူးချုပ် Ms. Nguyen Tuong Van တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) မှ ကိုယ်စားလှယ်၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအဖွဲ့ (ASOD)၏ ကိုယ်စားလှယ်တို့က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း မူးယစ်ဆေးဝါးကာကွယ်တားဆီးခြင်း အခြေအနေများနှင့် အကျိုးသက်ရောက်မှုများ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် စိန်ခေါ်မှုများ၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး ကုန်ကူးမှုနှင့် သုံးစွဲမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများ (War Invalids)နှင့် လူမှုရေးရာဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံ၏ မူးယစ်ဆေးစွဲမှုကုသခြင်းနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ အတွေ့အကြုံများကို မျှဝေခဲ့သည်။

ယင်းနောက် AIPA အဖွဲ့ဝင်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များက နိုင်ငံအလိုက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အတွေ့အကြုံများကို အပြန်အလှန် မျှဝေဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေး၌ Turning Words into Actions towards a Drug-free ASEAN Community နှင့် စပ်လျဉ်းသည့် အဆိုမူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့သည်။ အဆိုပါ အဆိုမူကြမ်းတွင် "ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်တွင် ဒေသတွင်း၊ နိုင်ငံတကာနှင့် ကမ္ဘာ့တစ်ဝန်းရှိ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသည့် ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရန် စွမ်းရည်မြှင့်တင်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ အစီအမံများဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဝေမျှခြင်းတို့မှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ထို့နောက် ဗီယက်နမ် အမျိုးသားလွှတ်တော်မှ Mdm. Nguyen Thuy Anh က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ AIPA ပူးပေါင်းကော်မတီဝင်များ ဖြစ်ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပြည့်စုံဝင်းတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၉**

၂၀၂၀ ပြည့်နှစ် မေလပိုင်းတွင် ကျင်းပခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သမိုင်းမှတ်တမ်းတင်ကျန်**

အခမ်းအနားတွင် ဝန်ကြီးချုပ်က "ဒီပြိုင်ပွဲမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကို အထူးပဲအသိအမှတ်ပြုပါတယ်။ ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်လို့ အသိအမှတ်ပြုခံရခြင်းအပြင် ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကမ္ဘာ့ကပ်ရောဂါဘေးကြီးဖြစ်နေတဲ့နေရာမှာ ကိုယ့်ရဲ့ခွန်အားနဲ့ စွမ်းဆောင်နိုင်ရည်တစ်ခုနဲ့ ဒီထဲမှာ တစ်ထောင့်တစ်နေရာ ပါဝင်ရတယ်ဆိုတာ နောင်မျိုးဆက်တွေကို ၂၀၁၉-၂၀၂၀ ကာလတုန်းက ကမ္ဘာ့ကပ်ဘေးကြီးဖြစ်ခဲ့တယ် ဒီအချိန်မှာ ကိုယ်တွေရဲ့ဖြတ်သန်းပါဝင်ခဲ့တဲ့ အရွယ်အပိုင်းအခြားမှာ ဘာတွေဆောင်ရွက်ပေးနိုင်ခဲ့သလဲဆိုတဲ့ သမိုင်းမှတ်တမ်းတစ်ခုကတော့ တင်ကျန်ခဲ့မှာ ဖြစ်ပါတယ်"ဟု အမှာစကားပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရည်ရွယ်ချက်စိတ်ဝင်စားဖွယ်အကောင်းဆုံး ပထမဆုရရှိသည့် ဒေါ်ဖြူဖြူငြိမ်းချမ်းအား ဆုချီးမြှင့်စဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ရည်ရွယ်ချက်စိတ်ဝင်စားဖွယ်အကောင်းဆုံး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူ သုံးဦးကိုလည်းကောင်း၊ တီထွင်ဖန်တီးမှုအကောင်းဆုံး တတိယဆုနှင့် ပြည်သူ့အကျိုးပြုတတိယဆုရရှိသူ နှစ်ဦးကိုလည်းကောင်း အသီးသီးဆုချီးမြှင့်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ ဆုရရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့်ဆုရရှိသူများက အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**လက်ခံရယူ**

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံရယူသည်။ အဆိုပါလှူဒါန်းမှု၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၅၅၉၂၈၅၆၂ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

## အခုချိန်မှာရောဂါကလုံးဝပျောက်သွားတာမဟုတ်ဘူး။ ခဏငြိမ်နေတဲ့အခြေအနေပဲရှိပါသေးတယ်။ သတိဝီရိယကြီးကြီးနဲ့ ဒီအချိန်မှာ Mask ကို ဆက်တပ်သွားသင့်တယ်

ဒေါ်နွယ်နီအောင်

**၂၀၂၀ ပြည့်နှစ် မေလပိုင်းတွင် ကျင်းပခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း(Mask)ချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ကျင်းပရာ ဆုရရှိသူများ၏ ရင်တွင်းစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်-**

**ဒေါ်ဖြူဖြူငြိမ်းချမ်း (ရည်ရွယ်ချက်စိတ်ဝင်စားဖွယ်အကောင်းဆုံး ပထမဆု)**
**(ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်)**

ဒီပြိုင်ပွဲကို ဝင်ပြိုင်ရတဲ့အကြောင်းရင်းက ကိုယ်တိုင်က ခိုကိုးရာမဲ့ ကိုယ်ဝန်ဆောင်တွေနဲ့ မွေးကင်းစကလေးလေးတွေကို ကူညီစောင့်ရှောက်ပေးနေတဲ့ လူပေါင်း ၇၀ လောက်ရှိတဲ့ မိသားစုကြီးကို ဦးဆောင်ပြီးတော့ ဖြတ်သန်းနေရတဲ့ကာလ၊ နေထိုင်မှုပုံစံအသစ်တွေနဲ့ ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့ အခက်အခဲမျိုးစုံနဲ့ ဖြတ်သန်းနေရတဲ့ကာလဖြစ်တဲ့အတွက် စိတ်ဖိစီးမှုတွေရှိပါတယ်။ အလားတူပဲ အမေစုကလည်း သန်း ၆၀ သော ပြည်သူတွေနဲ့ ဖြတ်သန်းနေရတာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အမေ့အတွက် ခွန်အား တစ်ရပ်အနေနဲ့ ဒီပြိုင်ပွဲကို ဝင်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ မေတ္တာကို အခြေခံပြီးတော့ ဝင်ပြိုင်ခဲ့တာပါ။ ချစ်ခြင်းမေတ္တာတစ်ခုနဲ့ ပြိုင်ခဲ့တာဖြစ်တဲ့အတွက် အမေစုကိုယ်တိုင်က ဂုဏ်ပြုချီးမြှောက်စကားပြောပေးတဲ့အတွက်ရော၊ ဒီဆုရရှိတဲ့အတွက်ရော ဘဝမှတ်တိုင်တစ်ခုလိုပဲ မဖော်ပြတတ်အောင် ဝမ်းသာကြည်နူးမိပါတယ်။ အမေစုရဲ့ Mask ပြိုင်ပွဲအပြီးမှာ အိမ်တွင်း Mask ချုပ်လုပ်ကြတဲ့သူတွေ အများကြီးဖြစ်လာတာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ လှူဒါန်းနေတာတွေရော၊ ရောင်းချနေတာတွေရော တွေ့ရပါတယ်။ Mask မတပ်တာထက်စာရင်တော့ ကိုယ်တိုင်အိမ်တွင်း Mask လေးတွေလုပ်ပြီး တပ်တာပိုကောင်းပါတယ်။ ကိုဗစ်က ပြီးဆုံးသွားတာ မဟုတ်ပါဘူး။ ပြည်သူလူထုအနေနဲ့ လက်ရှိကိုဗစ်ကို ဖြတ်သန်းနေတဲ့ကာလဖြစ်နေပါသေးတယ်။ အဖြူအမည်း မသဲကွဲသေးပါဘူး။ အတတ်နိုင်ဆုံး Mask တပ်ပြီးကာကွယ်ဖို့၊ လက်ဆေးဖို့တွေက လိုအပ်နေပါသေးတယ်။ မမေ့လျော့စေချင်ဘူး။ အခုဆိုရင် အားလုံးက ပုံမှန်လည်ပတ်သွားလာနေကြပြီဖြစ်တဲ့အတွက် ကိုဗစ်ကိုမေ့ပြီးတော့ Mask မတပ်တာတွေ၊ လက်မဆေးတာတွေ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်တာတွေ မလုပ်ဘူးဆိုရင် မလိုလားအပ်တဲ့ ရောဂါပျံ့နှံ့မှုတွေဖြစ်မှာကို စိုးရိမ်မိပါတယ်။ ဒါကြောင့် Mask တပ်တာတွေ၊ လက်ဆေးတာတွေ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်တာတွေကို ဆက်လက်ဆင်ခြင်လုပ်ဆောင်နေဖို့ လိုအပ်ပါတယ်။

**ဦးကျော်သူ (ရည်ရွယ်ချက်စိတ်ဝင်စားဖွယ်အကောင်းဆုံး ဒုတိယဆု)**
**(ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)**

အဓိကပြိုင်တဲ့ရည်ရွယ်ချက်က ကိုဗစ်ကာလကြီးမှာ အမေစုရဲ့ဦးဆောင်မှု၊ အောက်ခြေအထိ တစ်ယောက်ချင်းစီကို စိုးရိမ်ပူပန်မှုတွေနဲ့ စီစဉ်ဆောင်ရွက်နေတဲ့ ကိုဗစ်-၁၉ ကာကွယ်ရေးစီမံချက်တွေမှာ ကျွန်တော်တို့ကလည်း ဘေးကနေတစ်တပ်တစ်အား ပါဝင်အားဖြည့်ချင်တဲ့စိတ်နဲ့ အမေစုကို ဝိုင်းကူလိုက်တဲ့ သဘောပါ။ အမေ့ကို ချစ်တဲ့စိတ်၊ လေးစားယုံကြည်တဲ့စိတ်တွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ဆုရတဲ့အတွက်လည်း အမေစုရဲ့ အမှတ်တရလက်မှတ်ကလေးတစ်ခုကို ကျွန်တော့်ဘဝအတွက်၊ ကျွန်တော့်မျိုးဆက်အတွက် ထားခွင့်ရသွားတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် အများကြီးကို အကျိုးထိရောက်မှုရှိတယ်။ ကမ္ဘာပေါ်မှာ မြန်မာဆိုတာ ဘယ်လောက်ညီညွတ်တယ်၊ ဘယ်လောက် စည်းလုံးတယ်၊ အရေးကြုံလာရင် ခွဲခြားမှုတွေမရှိဘဲ ကိုယ့်နိုင်ငံသားတွေ အန္တရာယ်ကင်းဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြတာ ကျွန်တော်တို့ မြန်မာပြည်ပဲရှိပါတယ်။ အဲဒါကျွန်တော်တို့အတွက် ဂုဏ်ယူစရာပဲ။ Mask မတပ်တဲ့ကိစ္စက ပြောရတာတော့ တော်တော်ခက်တယ်။ ဘာနဲ့ဆိုင်လည်းဆိုတော့ နံပါတ်တစ်အချက်က တိုင်းပြည်ရဲ့ လူတန်းစားအလွှာအသီးသီးရဲ့ ဝင်ငွေနဲ့စားဝတ်နေရေးအပေါ် မူတည်ပါတယ်။ နံပါတ်နှစ်အချက်ကတော့ ဥပဒေအတိုင်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အဲဒီနှစ်ချက်က အထိုက်အလျောက်အဆင်ပြေမယ်ဆိုရင်တော့ Mask ကိစ္စအဆင်ပြေသွားမှာပါ။ ဒါကြောင့်လည်း Mask တပ်ကြဖို့ရည်ရွယ်ချက်နဲ့ Mask တစ်ခုရဲ့တန်ဖိုးတွေလည်း သက်သာအောင်လို့ ဒီပြိုင်ပွဲကို အမေစုက လုပ်ပေးတာပါ။ Mask တပ်ဖို့အတွက် ဥပဒေလည်း ထုတ်ပေးထားပြီးသား။ မဖြစ်မနေတပ်ဖို့လည်း ပြည်သူတွေကို ပြောထားပြီးသား။ Mask မတပ်တဲ့သူတွေကို ဖမ်းဆီးအရေးယူဒဏ်ပေးတဲ့ ကိစ္စမျိုးတွေကို တင်းတင်းကျပ်ကျပ် လုပ်မယ်ဆိုရင်တော့ အဆင်ပြေသွားမှာပါ။ Mask တွေကိုလည်း ကျွန်တော့်ရဲ့ ဝင်ငွေရပ်တည်မှုအပေါ်မူတည်ပြီး ကျွန်တော့်ပတ်ဝန်းကျင်မှာ တတ်နိုင်သလောက် ဖြန့်ဝေပေးပါတယ်။ ဒီထက်လုပ်နိုင်အောင်၊ ဖြန့်ဝေနိုင်အောင်လည်း ကြိုးစားသွားပါမယ်။



ဒေါ်ဖြူဖြူငြိမ်းချမ်း



ဦးကျော်သူ



ဒေါ်နွယ်နီအောင်



ဒေါ်ဘိုဘိုခိုင်

**ဒေါ်နွယ်နီအောင်(ရည်ရွယ်ချက်စိတ်ဝင်စားဖွယ်အကောင်းဆုံး တတိယဆု)**
**(ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်)**

ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ခဲ့တာကတော့ ကိုဗစ်စဖြစ်တဲ့အချိန်ကတည်းက ကော်တွန် Mask လေးတွေကို ချုပ်လှူနေတာ၊ ကျွန်မချုပ်လှူတဲ့အထဲမှာ လူကြီးတွေလည်းပါတယ်။ ကလေးတွေလည်းပါတယ်။ ကလေးတွေကို တပ်စေချင်တဲ့စိတ် ဖြစ်တဲ့အခါကျတော့ အရုပ်ကလေးတွေဖန်တီးပြီးတော့ လှူနေကျ။ ကျွန်မရည်ရွယ်ချက်ကို တခြားအမေတွေပါသိပြီးတော့ သူတို့ကလေးတွေကို Mask တပ်ပေးရမယ်ဆိုရင် ကလေးတွေက ငြင်းဆန်မှုမရှိဘဲနဲ့ ပျော်ပျော်ရွှင်ရွှင်တပ်ကြတယ်။ အဲဒါလေးကို မျှဝေပေးချင်တာ၊ အဲဒီအခါကျတော့ ဒီလို Mask ပြိုင်ပွဲလုပ်တာ ကျွန်မအတွက် အလွန်အဆင်ပြေသွားတယ်။ ပြန်မျှဝေပေးခွင့်ရသွားတာပေါ့။ ကျွန်မကိုယ်တိုင်က ကလေးအမေတစ်ယောက်လည်းဖြစ်၊ ဒီဇိုင်းနာတစ်ယောက်လည်း ဖြစ်တဲ့အခါကျတော့ တခြားအမေတွေဆီကို မျှဝေပေးချင်တဲ့ စိတ်ဆန္ဒလေးနဲ့ ဝင်ပြိုင်ဖြစ်သွားတာပါ။ ဆုကို မမျှော်လင့်ထားဘူး။ စပြိုင်ကတည်းက ကျွန်မရဲ့လှူဒါန်းနေတဲ့ အတွေ့အကြုံနဲ့စေတနာကို အားလုံးဆီရောက်သွားစေချင်တဲ့ ရည်ရွယ်ချက်တစ်ခုပဲရှိတာပါ။ ဆုရမယ်လို့ ဘယ်လိုမှမျှော်လင့်မထားဘဲနဲ့ရတော့ အလွန်ကိုပျော်ပြီးတော့ တစ်မိသားစုလုံး ပျော်ကြတယ်။ ဂုဏ်လည်းယူပါတယ်။ Mask ကတော့ အားလုံးကိုတပ်စေချင်တယ်။ တစ်ယောက်နဲ့တစ်ယောက်တွေ့တဲ့အခါ Mask တပ်ထားတော့ Cover အနေနဲ့ ရောဂါမကူးစက်နိုင်ဘူးပေါ့။ အခုချိန်မှာ ရောဂါကလုံးဝပျောက်သွားတာ မဟုတ်ဘူး။ ခဏငြိမ်နေတဲ့ အခြေအနေပဲရှိပါသေးတယ်။ သတိဝီရိယကြီးကြီးနဲ့ ဒီအချိန်မှာ Mask ကို ဆက်တပ်သွားသင့်တယ်။ လူကြီးတွေအပြင်သွားရင် ကလေးတွေက အိမ်မှာနေတာများတယ်။ လူကြီးတွေ Mask တပ်လိုက်တဲ့အခါကျတော့ ကိုယ့်ကိုမကူးစက်ရင် အိမ်ကကလေးလည်း အန္တရာယ်ကင်းတာပေါ့။ ဒါကြောင့်လည်း ဒီလိုပြိုင်ပွဲတွေ ဖြစ်လာပြီးတော့ Mask တပ်သင့်တယ်ဆိုတဲ့ အသိအမြင်တွေကို မျှဝေပေးတာဖြစ်ပါတယ်။ အားလုံးတပ်ကြပါ။ အမြဲတမ်းတပ်ဖို့လည်း တိုက်တွန်းချင်ပါတယ်။ ကျွန်မအနေနဲ့လည်း Super Hero Family Myanmar ဆိုပြီး Mask တွေ ဆက်ဖြန့်နေပါတယ်။ အဓိကကတော့ ကလေးတွေကို တပ်စေချင်တဲ့ စေတနာနဲ့ဆိုတော့ ကလေးကြိုက်တဲ့ ဇာတ်ကောင်လေးတွေက ပိုများပါတယ်။

**ဒေါ်ဘိုဘိုခိုင်(တီထွင်ဖန်တီးမှုအကောင်းဆုံး တတိယဆု)**
**(ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်)**

ပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တာက အမေစုရဲ့စကားကို နားထောင်တယ်ဆိုတာကို ပြချင်တာရယ်၊ ကိုယ်တတ်ထားတဲ့ အသက်မွေးဝမ်းကျောင်း ပညာနဲ့လည်း ကိုက်ညီတဲ့အတွက် ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ မမျှော်မှန်းဘဲနဲ့ ဆုရရှိခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာတယ်။ ရတဲ့ဆုကလည်း အမေစုကိုယ်တိုင်ချီးမြှင့်တဲ့ဆုဆိုတော့ အလွန်ကို ဂုဏ်ယူဝမ်းသာရပါတယ်။ Mask ဒီဇိုင်းပုံစံကို ဖန်တီးဖြစ်တာကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကြီးမှူးကျင်းပတဲ့ပွဲလည်းဖြစ်၊ ပြည်သူလူထုကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ပွဲလည်း ဖြစ်တဲ့အတွက်ကြောင့်မလို့ သုံးရောင်ခြယ် နိုင်ငံတော်အလံ Mask ဒီဇိုင်းလေးကို ဖန်တီးဖြစ်ခဲ့တာပါ။ အစ်မက အင်္ကျီချုပ်တဲ့သူဆိုတော့ ပိတ်စနှာခေါင်းစည်းတွေ အသုံးပြုလို့ရတယ်ဆိုကတည်းက ချုပ်ပြီးတော့ လိုအပ်တဲ့သူတွေကို လက်ဆောင်ပေးတယ်။ အသိတွေက အော်ဒါမှာရင်တော့ အခုရေ ၂၀၀၊ ၃၀၀ လောက်ကို ဈေးအနည်းဆုံးနဲ့ ချုပ်ပေးဖြစ်တယ်။ အသိမိတ်ဆွေတွေ ပိတ်စပေးရင်လည်း အလကားချုပ်ပေးတာတွေရှိပါတယ်။ အားလုံးအပြင်သွားတဲ့အခါကျရင် Mask ကို တပ်ကိုတပ်သင့်ပါတယ်။ တပ်သွားရင် အရင်ဆုံး ကိုယ့်ရဲ့ကျန်းမာရေးကို ကာကွယ်ရာရောက်ပါတယ်။ ပြီးရင် ကိုယ့်ရဲ့မိသားစုကျန်းမာရေးကိုလည်း ကာကွယ်ရာရောက်ပါတယ်။ လက်ကိုလည်း မကြာခဏ စနစ်တကျဆေးဖို့လိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကိုလည်း သေသေချာချာလိုက်နာကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- အေးမင်းသူ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၅ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂)ဦး၊ မ(၂)ဦး၊ ပေါင်း(၄)ဦးတို့အား စိတ်ကြွဆေးပြားများ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၇-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာအဝင် ဆိုင်းဘုတ်အနီး၌ မြို့ဟောင်းရပ်ကွက်နေ မင်းဇာဦး (၁၉)နှစ်၊ (ဘ)ဦးသိန်းကျော်နှင့် ဈေးမီးကန်ရပ်ကွက်နေ ညီဘွား(၂၀)နှစ်၊ (ဘ)ဦးအောင်ဝင်းထွေးတို့(၂)ဦးအား ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း)မယ(ပ)၁၀၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နမီးကျေးရွာနေ မျိုးအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ နမီးကျေးရွာနေ မျိုးအောင်(ခ)လမ်းဗိုလ်(၃၂)နှစ်၊ (ဘ)ဦးကျော်လှ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လူး)မယ(ပ) ၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မင်းကွက် (၁)ရပ်ကွက်နေ ဇော်သူလွင်(ခ) ကိုသူနှင့် မျိုးသီဟ(ခ)မျိုးမျိုးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၆-၂၀၂၀ ရက်နေ့တွင် ပေါင်းတည်မြို့၊ မင်းကွက်(၁) ရပ်ကွက်နေ ဇော်သူလွင်(ခ)ကိုသူ(၃၁)နှစ်၊ (ဘ) ဦးသန်းဌေး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပေါင်းတည်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့်လည်းကောင်း၊ အလားတူငှင်းရပ်ကွက်နေ မျိုးသီဟ (ခ) မျိုးမျိုး (၃၉)နှစ်၊ (ဘ) ဦးဝင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီး မမွေးမွေး(ခ) မွေးလေး(၄၂)နှစ်၊ (ဘ)ဦးအေးမြင့်တို့ (၂) ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပေါင်းတည်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ ကျောမြို့၊ အမှတ် (၂)ရပ်ကွက်နေ ထွန်းဝင်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၁)ရပ်ကွက်နေ ထွန်းဝင်းအောင်(၂၉)နှစ်၊ (ဘ)ဦးဘိုထွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ထွန်းမင်းလတ်(ခ)ကုလားစိန်(၂၈)နှစ်၊ (ဘ) ဦးထွန်းထွန်းသန်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဂန့်ဂေါ)မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မကွေးတိုင်းဒေသကြီး၊ ကျောမြို့၊ အမှတ် (၁)ရပ်ကွက်နေ သိန်းစိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၁)ရပ်ကွက်နေ သိန်းစိုး(၄၂)နှစ်၊ (ဘ)ဦးချစ်ရှိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဂန့်ဂေါ)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၃ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၃)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၃)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၁-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ ချောင်းဆုံမြို့နယ်၊ သကြောကျေးရွာနေ မင်းသူ(ခ)ခင်မောင်ထူး(၃၁)နှစ်၊ (ဘ)ဦးစံငြိမ်းနှင့် ကညော့်ကျေးရွာနေ ခိုင်ဌေးဇော် (၃၄)နှစ်၊(ဘ)ဦးတင်ရီတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ) ၃၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃)ဦး၊မ(၂)ဦး၊ပေါင်း(၅)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၆-၆-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ စက်မှုဇုန်အဝိုင်းအနီး၌ ၎င်းရပ်ကွက်၊ ကွက်သစ်လမ်းနေ မင်္ဂလာမင်းမောင်(ခ) စိန်ပြူး(၂၂)နှစ်၊ (ဘ) ဦးမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်)မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မိသက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၆-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မိသက်(ခ) မြသက်မွန်(၄၆)နှစ်၊ (ဘ)ဦးတောကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မိုးသူဝင်း(ခ)ကိုမိုး(၂၃)နှစ်၊ (ဘ) ဦးဆန်းဝင်းနှင့် မမျိုးသက်ဦး (ခ)မိုးသဲဦး(၁၉)နှစ်၊ (ဘ)ဦးမျိုးမြင့်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်နေ ငဇော်(ခ) ဇော်မျိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၆-၂၀၂၀ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်နေ ငဇော်(ခ)ဇော်မျိုး(ခ)မျိုးကျော်ဇင် (၃၇) နှစ်၊ (ဘ)ဦးခင်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မင်္ဂလာဒုံ)မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာနေ မျိုးနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာ၊ ရွာလယ်လမ်းမပေါ်၌ ၎င်းကျေးရွာနေ မျိုးနိုင်(ခ)နိုင်လင်း (၃၀)နှစ်၊ (ဘ)ဦးပေါရာ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ) ၃၄/ ၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လှည်းတိုးကျေးရွာနေ မောင်မျိုးအေးသည်မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လှည်းတိုးကျေးရွာနေ မောင်မျိုးအေး(၃၆)နှစ်၊ (ဘ)ဦးအေးမောင်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ နောင်ဖန်ကျေးရွာနေ ဝင်းဖေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နောင်ဖန်ကျေးရွာနေ ဝင်းဖေ(၅၂)နှစ်၊ (ဘ)ဦးပျောက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၃၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ပလောင်ချောင်းကျေးရွာနေ ညီညီအောင်သည်မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ လှဆောင်(၅၁)နှစ်၊ (ဘ)ဦးစံပြူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပလောင်ချောင်းကျေးရွာနေ ညီညီအောင်(၂၀)နှစ်၊ (ဘ) ဦးညွန့်မောင်၊ အောင်ကျော်ဦး (၂၁)နှစ်၊ (ဘ)ဦးကျော်မြိုင်၊ နိုင်လင်းဦး(၂၃)နှစ်၊ (ဘ)ဦးထွန်းကြည်တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုးပင်) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က) / ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ၂၇-၆-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၁၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၅၆၃)ဦး၊ မ(၃၀၆)ဦး၊ ပေါင်း(၁၈၆၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၅၈.၄၆၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၃၅၆၃.၉၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၃၈၅၄၉)ပြား၊ ဆေးခြောက် (၁၂၃၇၁.၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၂၉.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၉.၉၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၂၆)လက်၊ ကျည်မျိုးစုံ(၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm



# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေများ အပိုင်း (၄)
# ဒုတိယမျိုးဆက်ဥပဒေ

အောင်နိုင်ဦး

**အခင်းအကျင်း အပြောင်းအလဲ**

စာရေးသူအနေနဲ့ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ဒုတိယမျိုးဆက် ရင်းနှီးမြှုပ်နှံမှုဥပဒေလို့ သတ်မှတ်လိုပါတယ်။ အကြောင်းကတော့ ယခင်အပိုင်းတွေမှာ စာရေးသူတင်ပြခဲ့သလို ၁၉၅၉ ခုနှစ် ငွေရင်းနှီးရေးအက်ဥပဒေနဲ့ ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဟာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို သတ်မှတ်တဲ့ကဏ္ဍအတွင်းက စီးပွားရေးလုပ်ငန်းတွေကိုသာ ခွင့်ပြုပေးခဲ့တဲ့၊ တစ်နည်းအားဖြင့် ခွင့်ပြုစာရင်း(Positive List) အတွင်းက လုပ်ငန်းတွေကိုသာ ရင်းနှီးမြှုပ်နှံခွင့်ပေးခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ရေးဆွဲတဲ့အခါမှာ ခွင့်မပြုစာရင်း (Negative List) အတွင်းက လုပ်ငန်းတွေကလွဲရင် ကျန်တဲ့လုပ်ငန်းတွေကို ခွင့်ပြုသွားနိုင်မယ့် ချဉ်းကပ်ပုံနဲ့ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဥပဒေပြန်လည်ပြင်ဆင်ချိန်မှာ အာဆီယံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုဟာ ခွင့်မပြုစာရင်း အခြေခံသဘောတရားနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ခွင့်ပြုပေးနေပြီဖြစ်ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတော်သမ္မတက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်နိုင်အောင် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားဖို့ လမ်းညွှန်ချက်လည်းရှိခဲ့ပါတယ်။ ဒါကြောင့် ဥပဒေ ပြန်လည်ရေးဆွဲတဲ့အခါ ပုဒ်မ ၄ မှာ ကန့်သတ်သည့် (သို့မဟုတ်) တားမြစ်သည့်လုပ်ငန်း သတ်မှတ်ခြင်းကို ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အကျိုးအတွက် ပုဒ်မ ၄ အရ ကန့်သတ်/ တားမြစ်တဲ့ လုပ်ငန်းကလွဲရင် ကျန်တဲ့လုပ်ငန်းတွေကို တံခါးဖွင့် ဖိတ်ခေါ်သွားဖို့ ဖြစ်ပါတယ်။ သို့သော်လည်း ဥပဒေကြမ်းကို လွှတ်တော်မှာ တင်ပြတဲ့အခါ ပုဒ်မ ၄ ရဲ့ အောက်ထဲမှာ ကဏ္ဍတွေ အများကြီးထည့်လိုက်ကြတဲ့အတွက် မူလအနှစ်သာရတော့ ပျက်ယွင်းသွားခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်မှာ Organization for Economic Cooperation and Development-OECD နဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ခြင်း (Investment Policy Reviews of Myanmar) ဆောင်ရွက်တဲ့အခါ မြန်မာနိုင်ငံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ရင် ကမ္ဘာပေါ်မှာ ကန့်သတ်မှုဒုတိယအများဆုံး နိုင်ငံဆိုပြီး သတ်မှတ်ဖော်ပြခံခဲ့ရပါတယ်။

**ဥပဒေသစ်အပေါ်အမြင်**

ဥပဒေသစ်နဲ့ပတ်သက်လို့ OECD က အောက်ပါ တိုးတက်မှုတွေ ဖြစ်ပေါ်လာခဲ့တယ်လို့ သုံးသပ်ခဲ့ပါတယ်-

(၁) ယခင် ခွင့်ပြုစာရင်း (Positive List) ကိုသာ အခြေခံဆောင်ရွက်ခဲ့ရာမှ ယခုအခါ ခွင့်မပြုစာရင်း(Negative List)ကို ပြောင်းလဲကျင့်သုံး၍ ကဏ္ဍပိုမိုကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်နိုင်ခြင်း၊

(၂) "ရင်းနှီးမြှုပ်နှံမှု" နဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုရာမှာ နိုင်ငံတကာစံနှုန်းနဲ့အညီ ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း၊

(၃) မြေငှားရမ်းမှုနဲ့ပတ်သက်ပြီး နှစ် ၇၀ အထိ ငှားရမ်းပေးနိုင်တဲ့ ပြဋ္ဌာန်းချက် ပါဝင်လာခြင်း၊

(၄) ယခင်ဥပဒေဟောင်းမှာလို အနည်းဆုံးရင်းနှီးမြှုပ်နှံရမယ့် ပမာဏလိုအပ်ချက်ကို ဖြေလျှော့ပေးလိုက်ခြင်း၊

(၅) ရှယ်ယာများလွှဲပြောင်းမှုကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုလိုက်ခြင်း၊

(၆) နိုင်ငံခြားငွေ လဲလှယ်နှုန်းကို တရားဝင်နှုန်းကျင့်သုံးခြင်းအစား ဈေးကွက်နှုန်းထားဖြင့် လဲလှယ်ခွင့်ပြုလိုက်ခြင်း၊

(၇) ဖက်စပ်လုပ်ငန်း ထူထောင်ရာမှာ နိုင်ငံခြားသားက အနည်းဆုံးထည့်ဝင်ရမယ့် ပမာဏ သတ်မှတ်ချက်ကို ဖြေလျှော့ပေးလိုက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယခင်ဥပဒေဟောင်းမှာ ၃ နှစ်သာ ခွင့်ပြုခဲ့ရာမှ ၅ နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး အခြားကင်းလွတ်သက်သာခွင့်တွေကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ကြိုဆိုခဲ့ကြပါတယ်။ မြေအသုံးပြုခွင့်နဲ့ ပတ်သက်လို့လည်း ယခင်ဥပဒေဟောင်းမှာ တိကျတဲ့ ပြဋ္ဌာန်းချက် မပါရှိခဲ့တာကြောင့် လုပ်ရကိုင်ရခက်နေတဲ့ အခြေအနေကနေ နှစ် ၅၀ အထိ ကနဦး ခွင့်ပြုကြောင်း၊ တစ်ကြိမ်လျှင် ၁၀ နှစ်နှုန်းနဲ့ နှစ်ကြိမ်အထိ သက်တမ်းတိုးမြှင့်နိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် နိုင်ငံခြားသားများအနေနဲ့ ပြည်တွင်းစက်မှုဇုန်တွေမှာ မြေငှားရမ်းပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ရသွားခဲ့ပါတယ်။ ဥပဒေ ပေါ်ထွက်လာပြီးနောက်ပိုင်းမှာ ဥပဒေသစ်နဲ့ပတ်သက်လို့ ကြိုဆိုထောက်ခံမှုတွေ ရှိခဲ့သလို ဥပဒေသစ်ဟာ ထင်သလောက် တံခါးဖွင့်မထားဘဲ မရှင်းလင်းတဲ့ ပြဋ္ဌာန်းချက်တွေလည်း ပါဝင်နေသေးကြောင်း ဝေဖန်မှုတွေလည်း ရှိခဲ့ပါတယ်။ မည်သို့ပင်ဖြစ်စေ ဥပဒေသစ်ဟာ အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖိတ်ခေါ်လိုတဲ့ ရည်မှန်းချက်ကိုတော့ အတိုင်းအတာတစ်ခုအထိ ပြည့်မြောက်စေခဲ့ပါတယ်။ ဥပဒေသစ် ပြဋ္ဌာန်းပြီးနောက်ပိုင်းမှာ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်တဲ့ ပမာဏတိုးတက်မှုကို အောက်ပါအတိုင်း တွေ့ရပါတယ် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် အမေရိကန်ဒေါ်လာသန်း ၃၀၀။
(၂) ၂၀၁၂-၂၀၁၃ ခုနှစ် အမေရိကန်ဒေါ်လာသန်း၁၄၁၉။
(၃) ၂၀၁၃-၂၀၁၄ ခုနှစ် အမေရိကန်ဒေါ်လာသန်း၄၁၀၇။
(၄) ၂၀၁၄-၂၀၁၅ ခုနှစ် အမေရိကန်ဒေါ်လာသန်း၈၂၉၀။

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ဟာ ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို အခြေခံပြီး ပြင်ဆင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနည်းတူ အခွန်အကောက်ဆိုင်ရာကင်းလွတ်ခွင့်တွေ ခံစားနိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်တွေ ပိုမိုရရှိနိုင်ဖို့ ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေရဲ့ရလဒ်အဖြစ် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွေလည်း တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်စွာ တိုးတက်များပြားလာ**

(၅) ၂၀၁၅-၂၀၁၆ ခုနှစ် အမေရိကန်ဒေါ်လာသန်း၉၉၃၀။

စာရင်းအရတော့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ သန်း ၄၆၀၀ ဖြစ်ပါတယ်။ ဒါပေမယ့် သန်း ၄၃၀၀ က တပ်မတော်အစိုးရလက်ထက်က အဆိုပြုလွှာတင်ထားခဲ့တဲ့ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းရဲ့ ရင်းနှီးမြှုပ်နှံမှုကို ဦးသိန်းစိန်အစိုးရလက်ထက်မှာ အတည်ပြုပေးလိုက်တဲ့ပမာဏဖြစ်ပါတယ်။

**ကော်မရှင်ဖွဲ့စည်းမှု**

ယခင်အစိုးရလက်ထက် ဥပဒေဟောင်း ကျင့်သုံးဆောင်ရွက်ချိန်နဲ့ ဥပဒေသစ် ပြဋ္ဌာန်းပြီးနောက်ပိုင်းတွေမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကိုက တွဲဖက်အတွင်းရေးမှူး တာဝန်ယူပြီး ဒုတိယဝန်ကြီး ကိုးဦး၊ ညွှန်ကြားရေးမှူးချုပ် သုံးဦး စုစုပေါင်း ၁၆ ဦးပါတဲ့ ကော်မရှင်ကို ဖွဲ့စည်းပြီးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ယခင်တပ်မတော်အစိုးရလက်ထက်မှာ ဝန်ကြီးအများစုနဲ့ ဖွဲ့စည်းခဲ့တဲ့ကော်မရှင်ကို လုပ်ငန်းများ ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး ဒုတိယဝန်ကြီးနဲ့ ညွှန်ကြားရေးမှူးချုပ်အများစုပါဝင်တဲ့ ကော်မရှင်အဖြစ် ဖွဲ့စည်းခဲ့ဟန် တူပါတယ်။ ဦးတင်နိုင်သိန်း တာဝန်ယူခဲ့တဲ့ ကာလအတွင်းမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းစဉ်တွေထက် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ပေါ်ပေါက်စေရေးအတွက် ဥပဒေမူဘောင်ပြင်ဆင်ရေးနဲ့ လုပ်ထုံးလုပ်နည်း ပြောင်းလဲရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့တာလည်း တွေ့ရှိရပါတယ်။

၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာတော့ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြတဲ့ ဦးအောင်မင်း၊ ဦးလှထွန်း၊ ဦးဇော်မင်းနဲ့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ပြီး စုစုပေါင်းအင်အား ခုနစ်ဦးနဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြန်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလွှတ်တော်သို့တင်ပြပြီးနောက်ပိုင်းမှာ ဥပဒေသစ်ပေါ်ပေါက်လာတဲ့အခါ အသွင်သစ်နဲ့ လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှာ ကော်မရှင်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာ အမှတ် (၂) စက်မှုဝန်ကြီးဌာနကနေ သမ္မတရုံးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူပြီး သမ္မတရုံးက အခြားပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြတဲ့ ဦးအောင်မင်းနဲ့ ဦးလှထွန်းတို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးတင်နိုင်သိန်းက အတွင်းရေးမှူးအဖြစ်လည်းကောင်းပါဝင်ပြီး ဒေါက်တာထွန်းရှင်ကလည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ယူခဲ့ပါတယ်။ ထူးခြားချက်ကတော့ ပြင်ပပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်တင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင် (ယခု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး)၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြသူဇာ၊ ကုန်သည်/စက်မှုအသင်းချုပ်က တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့ကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ခြင်းပဲဖြစ်ပါတယ်။ ကော်မရှင်မှာ စုစုပေါင်းအင်အား ၁၁ ဦးရှိခဲ့ပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က တွဲဖက်အတွင်းရေးမှူးအဖြစ် ဆက်လက် တာဝန်ယူပါတယ်။

၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့မှာတော့ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောင်းလဲတာဝန်ယူခဲ့ပြီး အတွင်းရေးမှူးအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောင်းလဲတာဝန်ယူခဲ့ပါတယ်။ ကျန်အဖွဲ့ဝင်များ အပြောင်းအလဲမရှိဘဲ ကော်မရှင်ကို အင်အား ၁၁ ဦးနဲ့ ဆက်လက်ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ထပ်မံပြီး ၂၀၁၄ ခုနှစ် မေလ ၂၈ ရက်နေ့မှာ ကော်မရှင်ဥက္ကဋ္ဌတာဝန်များကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြောင်းလဲတာဝန်ယူခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြသူဇာကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးကာ အင်အား ၁၃ ဦးဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

**နိုင်ငံသားတွေအတွက် ဥပဒေသစ်**

အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပြီးနောက်ပိုင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းရဲ့ ဦးဆောင်စီမံမှုအရ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကိုလည်း ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ နဲ့ ပြဋ္ဌာန်းပေးလိုက်ပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ဟာ ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို အခြေခံပြီး ပြင်ဆင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနည်းတူ အခွန်အကောက်ဆိုင်ရာကင်းလွတ်ခွင့်တွေ ခံစားနိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်တွေ ပိုမိုရရှိနိုင်ဖို့ ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေရဲ့ရလဒ်အဖြစ် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွေလည်း တစ်နှစ်ထက် တစ်နှစ် ကျယ်ပြန့်စွာ တိုးတက်များပြားလာကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် ကျပ်ဘီလီယံ ၂၄၁.၅၇၅။
(၂) ၂၀၁၂-၂၀၁၃ ခုနှစ် ကျပ်ဘီလီယံ ၁၁၇၄.၆၂၅။
(၃) ၂၀၁၃-၂၀၁၄ ခုနှစ် ကျပ်ဘီလီယံ ၁၇၁၅.၇၅၂။
(၄) ၂၀၁၄-၂၀၁၅ ခုနှစ် ကျပ်ဘီလီယံ ၁၂၀၆.၉၂၁။
(၅) ၂၀၁၅-၂၀၁၆ ခုနှစ် ကျပ်ဘီလီယံ ၅၉၃၃.၂၄၅။

**ဖက်ဒရယ်နဲ့ ဥပဒေ**

ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှစ်ခု ပေါ်ပေါက်လာပြီးနောက်ပိုင်းမှာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်အချို့က အနာဂတ်ဖက်ဒရယ်နိုင်ငံတော် ထူထောင်ဖို့အတွက် စဉ်းစားဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ လုပ်ပိုင်ခွင့်အချို့ကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်တွေကို ခွဲဝေပေးသင့်တယ်လို့ တင်ပြတောင်းဆိုမှုတွေ ရှိခဲ့ပါတယ်။ ဥပဒေသစ်နှစ်ရပ်လုံးမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်တဲ့ပြဋ္ဌာန်းချက် မပါရှိတာကြောင့် ဥပဒေနှစ်ရပ်လုံးကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ဆောင်ရွက်ရာမှာ ဥပဒေမူကြမ်းနှစ်ရပ်ကို ပြည်ထောင်စုအစိုးရက လွှတ်တော်သို့ ပေးပို့တင်သွင်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၇ နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၈ နဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဥပဒေအမှတ် ၆၇ မှာ မူရင်းဥပဒေရဲ့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို "တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေးညှိနှိုင်းဆောင်ရွက်ခြင်း" လို့ အစားထိုးပြင်ဆင်ပေးခဲ့ပါတယ်။ ပုဒ်မ ၁၃ မှာ ပုဒ်မခွဲ (က) အဖြစ် "ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏ လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်" ဟူ၍ ဖြည့်စွက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဓ) နဲ့ ပုဒ်မ ၁၂ တို့မှာလည်း အလားတူ ပြင်ဆင်ဖြည့်စွက်ပေးခဲ့ပါတယ်။ ဒါပေမယ့် ယခင်အစိုးရအနေနဲ့ ပြင်ဆင်တဲ့ဥပဒေကို ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ဘဲ အစိုးရသက်တမ်းကုန်သွားခဲ့ပါတယ်။

# ရသေ့တောင်မြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့မှုများ ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၉**

ဇွန် ၂၁ ရက်မှစတင်၍ ရသေ့တောင်မြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမည်ကို စိုးရိမ်ထိတ်လန့်၍ ဒေသခံများ ယာယီ ထွက်ပြေးတိမ်းရှောင်လာကြရာ ရသေ့တောင်မြို့ အရှေ့တောင်ရပ်ကွက်သို့ အိမ်ထောင်စု ၃၇ စု၊ လူဦးရေ ၄၇ ဦး၊ ချောင်းဝရပ်ကွက်သို့ အိမ်ထောင်စု ၄၉ စု၊ လူဦးရေ ၁၆၆ ဦး၊ စုစုပေါင်း နေရပ်စွန့်ခွာခဲ့သည့် အိမ်ထောင်စု ၈၆ စု၊ လူဦးရေ ၂၁၃ ဦးတို့အတွက် ဆန်ရိက္ခာ ၁၄ ရက်စာအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရသေ့တောင်မြို့နယ် ဦးစီးမှူးရုံးက ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစုက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ညောင်လေးပင် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစုလီမိတက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းခွဲက အသင်းပိုင် Daedong 90Hp လေးစီးဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ညောင်လေးပင်မြို့နယ်အတွင်းရှိ မဒေါက်ကျေးရွာ စံပြတောင်သူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက စိုက်ဧက ၂၃၇၀ ကိုလည်းကောင်း၊ ညောင်ပင်ကြီးကျေးရွာ ကရင်စုသီးသန့်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက စိုက်ဧက ၅၄၁ ဧကကိုလည်းကောင်း၊ ဆွဲဒလွဲကျေးရွာ ရွှေတိုးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက စိုက်ဧက ၁၃၁၄ ဧကကိုလည်းကောင်း၊ အင်းကပ္ပလိပ်ကျေးရွာ ဖွဲ့ရွှေဝါစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက စိုက်ဧက ၉၆၀ ကိုလည်းကောင်း စုစုပေါင်း စိုက်ဧက ၅၁၈၅ ဧကကို ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် ၁၈ ဘမ်းဖြင့် ထွန်ယက်ပါက တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ ၇ ဘမ်းဖြင့် ထွန်ယက်ပါက ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

ကြေးမုံ



# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မင်းလှ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ယာဉ်မတော်တဆမှုများ မဖြစ်စေရေး၊ အသစ်ပြဋ္ဌာန်းထားသည့် မော်တော်ယာဉ်ဥပဒေအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ရည်ရွယ်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက စည်ပင်သာယာရုံး လမ်းထောင့်ဆုံတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မင်းလှမြို့မရဲစခန်းမှူး ဒုရဲမှူးလင်းလင်း၊ သာယာဝတီအမှတ်(၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပြီး လက်ကမ်းစာစောင်တွင် ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်က အသစ်ပြဋ္ဌာန်းခဲ့သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ယာဉ်မတော်တဆမှု ဖြစ်ပွားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုများ၊ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပါက ဆောင်ရွက်ရမည့်အချက်များ ပါဝင်ကြောင်း သိရသည်။

ဟိန်းထက်(ပြန်/ဆက်)

# ကျောက်ဆည်ခရိုင်အတွင်းရှိ မြစ်ရေတင်ဧရိယာများအတွင်း စိုက်ပျိုးရေအသုံးချမှု စနစ်တကျဖြစ်စေရေးအတွက် ရေအသုံးချသူများအဖွဲ့နှင့် ရေသုံးစွဲသူများအသင်း ဖွဲ့စည်း

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရွှေလုံ့ဗိုလ်မြစ်ရေတင်ဧရိယာအတွင်း စိုက်ပျိုးရေအသုံးချလျက်ရှိသော တောင်သူများအတွက် ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ရေသုံးစွဲသူများအသင်း (WUA) ဖွဲ့စည်းခြင်းကို စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်မြစ်ရေတင် ရှင်းလင်းဆောင်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ညွှန်ကြားရေးမှူး ဦးဝင်းဆန်းက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းထူထောင်ရေးနှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (PIM)မှ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးမြင့်ခိုင်က ရေအသုံးချသူများအဖွဲ့နှင့် ရေသုံးစွဲသူများအသင်း ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ကျောက်ဆည်ခရိုင် တာဝန်ခံ ဦးမောင်နိုင်က အဖွဲ့ခေါင်းဆောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့နှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စာရင်းစစ်၊ ဘဏ္ဍာရေးမှူးနှင့် အတွင်းရေးမှူးတို့ပါဝင်သည့် ရေသုံးစွဲသူများအသင်းတို့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၁ ခုရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ နွေသီးနှံစပါး ၄၁၅ ဧကနှင့် အခြားသီးနှံ ၃၈၉၅ ဧက စုစုပေါင်း စိုက်ပျိုးဧက ၄၃၁၀ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# မိုးကုတ်တွင် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ရန်ကုန် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဇွန်၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် အိမ်သုံးလုံး မျောပါပျက်စီးပြီး အိမ် ၂၃ လုံးအရေးပေါ် ရွှေ့ပြောင်းခဲ့ရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခြင်းကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံကျော်၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်သီလွင်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ခြင်ထောင်များနှင့် တာပေါ်လင်စများကို ရေဘေးသင့်ပြည်သူများအား ပေးအပ်သည်။

မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဇွန် ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး အိမ်များပျက်စီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးပြုစုနည်းဖြင့် ပြုစုစောင့်ရှောက်ကာ ဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ ထပ်မံပြိုကျနိုင်သည့်အိမ်များမှ လူများအား ဘေးလွတ်ရာသို့ ကူညီခြင်း၊ ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဝင်းအောင်(MRCS)

# ဟိုပုံးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဟိုပုံး ဇွန် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် စပ်တော-နောင်ဒေးလမ်း (၁၂/၀) မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းပြီး ကျန်(၁၀/၀)မိုင်မှ (၂/၀)မိုင် ကျောက်ခင်းခြင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာမှ မောက်မွန်းကျေးရွာအုပ်စု ပါယဉ်ကျေးရွာထိ ကျေးရွာချင်းဆက်လမ်း (၇/၀) မိုင်အနက် (၂/၀)မိုင် မြေလမ်းဖောက်လုပ်ခြင်းနှင့် မောက်မွန်းကျေးရွာအုပ်စု ကန်တရား-ပူခမ်း-ပန်းယဉ်-မဲ့တချောင်ကျေးရွာချင်းဆက်လမ်း (၇/၀)မိုင်အနက် (၃/၄) မိုင် မြေလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဟိုပုံးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်၊ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်နှင့် အဖွဲ့တို့က ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ငွေကြယ်



## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

ဒီတစ်ပတ် ကျွန်တော်နဲ့ ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကတော့ တည်ကြည်ခန့်ညားပြီး ယုံကြည်လောက်တဲ့ ရုပ်ရည်ရူပကာကိုပိုင်ကြတဲ့ သဘာဝမင်းသားကြီးတွေထဲက တစ်ဦးဖြစ်တဲ့ မောင်မောင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကတော့ မောင်မောင်တာ၊ မောင်မောင်တာနဲ့ပဲ ကျွန်တော်တို့က ခေါ်လာကြတာပေါ့လေ။ ထွန်းဝေတို့၊ မောင်မောင်တာတို့၊ မြတ်လေးတို့၊ ကျော်ဆွေတို့ စသည်အားဖြင့် ကျွန်တော်တို့က ခေါ်လာခဲ့တဲ့အခါကျတော့ အခုလည်း မောင်မောင်တာဆိုတဲ့ အခေါ်စွဲကတော့ စွဲနေတုန်းပါပဲ။ ကျွန်တော်တို့ တစ်ချိန်တုန်းက နှစ်သက်မက်မောစွာ ကြည့်ခဲ့ရတဲ့ ရုပ်ရှင်မင်းသားကြီး မောင်မောင်တာက အခုတော့ ဒေါက်တာမောင်မောင်တာ ဖြစ်နေပါပြီ။ ငြိမ်းချမ်းရေးစေတမန်ကြီးတစ်ဦးအဖြစ်လည်း ရောက်ရှိနေပါပြီ။ အခု ကျွန်တော်တို့ တစ်ချိန်တုန်းက တရှိုက်မက်မက် နှစ်နှစ်သက်သက် လက်ခံကြည့်ရှုခဲ့ဖူးကြတဲ့ ရုပ်ရှင်မင်းသားကြီး မောင်မောင်တာနဲ့ အခုရုပ်ရှင်စကားဝိုင်းကို ဖွဲ့တော့မှာဖြစ်ပါတယ်။

(ဇွန် ၂၈ ရက်မှ အဆက်)

**ကြည်စိုးထွန်း။** ။ လူထု အောင်သံကတော့ တကယ့်ကို သမိုင်းဝင်ကားပဲ အစ်ကိုရဲ့နော်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ မှတ်တမ်းဝင် ကားတစ်ကားပါပဲ။ နောက် နိုင်ငံခြားနဲ့ ဖက်စပ်။ ပြီးတော့ မြန်မာတွေနဲ့ လုပ်တဲ့ကားမှာ နိုင်ငံခြားအငွေ့အသက် မပါဘဲနဲ့ တစ်ခါတည်း မြန်မာတွေကပဲ လုပ်သွားတာမျိုးလေးတွေ ကျွန်တော် သဘောကျတယ် အစ်ကို။ အဲဒီထဲမှတ်မိတာ ဦးကျော်သောင်း၊ ဦးကျော်သောင်း ရှူးတဲ့အခန်း လုပ်တာလေးတွေ ကျွန်တော်တို့ သွားသတိရတယ်။

အစ်ကိုနဲ့ ဗိုလ်ဗကိုနဲ့ နောက်ဆုံးသေနတ်မှန်ပြီး ပြန်လာတော့ ကားပေါ်မှာ ထင်တယ်နော်။ ငှါသားလေးကို ရှင်ပြုတာကို ငါမြင်ချင်တယ်ကွာလို့ ပြောတဲ့အခန်းက အဲဒါက Climax ပဲထင်တယ်နော်အစ်ကို။

**မောင်မောင်တာ။** ။ Climax ပဲ၊ ဂျစ်ကားပေါ်တင် မောင်းပြီးတော့ ပြန်ပို့တာ။

**ကြည်စိုးထွန်း။** ။ ဟိုကလည်း မင်းကွာ ဒီအားငယ်တဲ့ စကားတွေ မပြောနဲ့။ အားလျှော့တဲ့ စကားတွေ မပြောပါနဲ့ကွာ။ ငါ့ကိုယ့်ငါ သိတယ်ကွာတဲ့နော်။ အေးမောင်ရာ ငါ့သားလေးကိုသာ မင်းရှင်ပြုပေးပါကွာတဲ့။ ကျွန်တော်တို့ ငယ်ငယ်တုန်းက တအားသဘောကျတာ အစ်ကိုရဲ့ အဲဒါ။ နောက် ဗမာအငွေ့အသက်ကလည်း ပါတာကိုးနော်။

**မောင်မောင်တာ။** ။ မှတ်မိ ပါတယ် ဗိုလ်ဗကို က ဒဏ်ရာနဲ့၊ ကျွန်တော်က ကားမောင်း။ ကျွန်တော်က ကားမောင်းဝါသနာပါ၊ အဲဒီကတည်းက မောင်းလိုက်တာ ဒီနေ့အထိ မောင်းလျက်ပဲ ကားကို။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါ့ အစ်ကိုရယ်။ နောက်ပြီးတော့ ပြောဦးမယ် အစ်ကို။ ကားမောင်းတဲ့ကိစ္စ။

**မောင်မောင်တာ။** ။ စကားလေး တွေလည်း လှတယ်။

**ကြည်စိုးထွန်း။** ။ ဒိုင်ယာ လော့ဒ်တွေ ကောင်းတယ်နော်။ တိုတိုလေးတွေတောင် ကောင်းတယ်။ တချို့ဟာတွေဆို ကျွန်တော်တို့က ကျောင်းသားဘဝကိုး အစ်ကိုရ၊ လေး၊ ငါး၊ ခြောက်တန်း၊ ခုနစ်တန်းလောက် ရှိမယ်ထင်တယ်။ မမှတ်မိတော့ပါဘူး။ အဲဒီမှာဆို ဟာ ဗိုလ်ကြီးရယ် ကျွန်မ နွားလေးပြန်ပေးပါတို့ ဘာတို့။

**မောင်မောင်တာ။** ။ အဲဒါတွေက စွဲတယ်လေ။ တစ်ခါတလေ ရုပ်ရှင်မှာ မထင်တာတွေက စွဲကျန်ရစ်ခဲ့တာတွေ ရှိတယ်။ ကျွန်မ နွားလေးပြန်ပေးပါဆိုတာ။ တစ်ခါတစ်ခါ လမ်းသွားရင် ဘေးကလူတွေက ရွှတ်ပြတာတွေ ရှိတယ်။ မောင်မောင်တာမှန်း သိနေရင် အဲဒီလို ရွှတ်ပြတာတွေ ရှိတယ်။



ဗြိတိသျှဘားမား ရွှေဒုံးဘီအောင်၏ ''ဒေါက်တာအောင်ကျော်ဦး''ဇာတ်ကားမှ သရုပ်ဆောင် မောင်မောင်တာနှင့် မေရီမြင့်တို့၏ ဇာတ်ဝင်ခန်း။

**ကြည်စိုးထွန်း။** ။ အဲဒီလောက်အထိ ပရိသတ်က စွဲကြတာနော်။

**မောင်မောင်တာ။** ။ အောင်မြင်ပါတယ်။ ဒီနေ့အထိ အဲဒီကားကို မီတာမရှိဘူး။ ကားကော်ပီ မရှိတော့ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ပါ အစ်ကိုရယ် ကြိုးစားပေးပါဦး။

**မောင်မောင်တာ။** ။ ဒါပေမဲ့ ကျွန်တော် နောက်ဆုံး ခေါင်းထဲမှာ ရှိတာတော့ အကယ်၍ အမေရိကန်နိုင်ငံ နောက်တစ်ခေါက် ပြန်သွားရင် ဒီတစ်ခါတော့ ဟောလိဝုဒ် Archive မှာ ရှိမယ်လို့ ထင်တယ်။ နောက်တစ်ခု ဗန်ကောက်မှာရှိတုန်းက တစ်ယောက်ကပြောတယ် ခင်ဗျားကားက ဘုရင့်နန်းတွင်း Archive မှာ ရှိတယ်တဲ့။ Anti-communist picture ကွန်မြူနစ်ဆန့်ကျင်ရေးကားဆိုတော့ ဘုရင်ကနေပြီးတော့ ဒီကားကို ယူပြီးတော့ သိမ်းထားတယ်လို့ ကြားရတယ်။

**ကြည်စိုးထွန်း။** ။ ကျွန်တော် လည်း မေးကြည့်လို့ ရပါတယ်။ ဗန်ကောက်လောက်ကတော့၊ ကျွန်တော် မေးကြည့်လို့ရပါတယ်။ ဒါလေးတွေကို အစ်ကိုဖြစ်ဖြစ်၊ ကျွန်တော်ဖြစ်ဖြစ် ရရင်တော့ ပရိသတ်ကြီးကို ပြန်ပြချင်ပါတယ် အစ်ကိုရယ်။ ကိုယ့်ဟာကိုယ် စစ်မှုထမ်းဘဝမှာပဲ နေမယ်လို့ ဆုံးဖြတ်ခဲ့ရာက နောက်ကျတော့ ဘယ်လိုလုပ်ပြီးတော့ အစ်ကို ဒီဘက် ဆက်ဖြစ်သွားလဲ။

**မောင်မောင်တာ။** ။ ကျွန်တော် အဲဒီကား ရိုက်ပြီး အိပ်စယ်စီယာရုံမှာ ကားကြည့်ရင်းနဲ့ ပြီးတဲ့အခါကျတော့ ဦးနုက အဲဒီရုပ်ရှင်ကားကို သိပ်သဘောကျတယ်။ သူလည်း ကိုယ်တိုင်ပါတာကိုး။ ထိပ်ကပါတယ်လေ။ သဘောကျပြီးတော့ ဦးသန့်ကို ပြောတယ်။ မောင်မောင်တာကို ပြောင်းပေးရအောင်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ဘယ်ပြောင်းမှာလဲ။

**မောင်မောင်တာ။** ။ ဆိုလိုတာကဘာလုပ်ချင်လဲ မေးပါ။ လုပ်ပေးပါမယ် ဆိုတာကို၊ အဲဒီလောက်ထိအောင် သူက ဘယ်လောက်သဘောကျလဲဆိုတော့။ သူ့မင်းသားကို သဘောကျတာ မောင်မောင်တာကို သဘောကျတာ မဟုတ်ဘူး။ အေးမောင်ကို သဘောကျတာ။ သူ့စကားတွေကို သူပြောချင်တဲ့ စကားတွေကို ကျွန်တော်က ပြောပေးရတာ။ အဲဒီတော့ ကျွန်တော်က ဝါရှင်တန်မှာ Second Citizen ပေးပါ။ ဦးသန့်နဲ့ အတူတူလိုက်သွားဖို့ စီမံကိန်းဆွဲလိုက်တယ်။ စီမံကိန်း ဆွဲပြီးတော့ အထမမြောက်ခင် ဗြိတိသျှဘားမားကနေပြီးတော့ ဒေါက်တာအောင်ကျော်ဦး ကားကို ကျွန်တော့်ဆီ ရောက်လာတာပဲ။ ကျွန်တော်က သုံးလအတွင်း ပြီးရင်လက်ခံမယ်။ နောက်ဆုံး UN အထိ ကျွန်တော်မှန်းထားတာကိုး သွားဖို့။ ဆိုတော့ ကားလည်းရိုက်ရော မေသစ်က ကိုယ်ဝန်ရှိလိုက်တာနဲ့ ဟိုဟာလေး ဒီဟာလေး ဖြစ်ရင်းနဲ့ တစ်နှစ်ကြာသွားတယ်။

**မောင်မောင်တာ။** ။ အဲဒီတော့ ဝန်ကြီးချုပ်က ဘယ်လိုပြောတုန်းဆိုတော့ မသွားနဲ့တော့တဲ့ ဒါလုပ်တဲ့။ ကျွန်တော်က စဝင်ကတည်းက ရုပ်ရှင်ထဲမှာ သဘောထားသလို ဦးနုကလည်း ဘယ်လိုပြောတုန်းဆိုတော့ အရေးကြီးတဲ့ လုပ်ငန်းတစ်ခုတဲ့။

**ကြည်စိုးထွန်း။** ။ သြော် ဒီရုပ်ရှင်ဆိုတာက။

**မောင်မောင်တာ။** ။ မောင်ရင့်ကို ဒီနေ့ လွှတ်နိုင်သလို အမြဲတမ်း ငါလွှတ်လို့ရတယ်။ ရုပ်ရှင်ထဲမှာ မင်းသားဖြစ်ဖို့က ငါလုပ်ပေးလို့ မရဘူးတဲ့။ အဲဒီတော့ တိုင်းပြည်မှာ လိုတဲ့ ရုပ်ရှင်မင်းသားနဲ့ ပတ်သက်ပြီးတော့ ဝင်လုပ်ပါ။ ဗိုလ်ဗကိုကိုလည်း ပြောပါ။

**ကြည်စိုးထွန်း။** ။ သြော်အားပေးတယ်နော်။

**မောင်မောင်တာ။** ။ မင်းလည်း အသက်ကြီးတဲ့အခါကျတော့ Diplomatic Services က ငါ့လက်ထဲမှာပဲ ရှိတာပဲကိုး။ ဆိုတော့ကောင်းတယ် သူကတော့ လုပ်မပေးနိုင်ခဲ့ပါဘူး။ အကြောင်းကြောင်းပေါ့လေ။ ဒါပေမဲ့ ကောင်းသောလမ်းကို ခင်းပေးခဲ့ပါတယ်။ ကျွန်တော်လည်း ရုပ်ရှင်ထဲ ရောက်တဲ့အခါကျတော့ ပိုစပ်စုလာတာပေါ့ဗျာ။ ကျွန်တော်တို့ မရောက်ခင်က နေရာတစ်မျိုးလေးပဲ။ ဒါပေမဲ့ ပြောင်းတော့ ပြောင်းသွားတယ် အဲဒီနောက်ပိုင်းမှာ။ ဆိုတော့ နည်းနည်းတိုးတက်လာတာလည်း ရှိပါတယ်။ ကျွန်တော်လည်း အနှစ်နှစ်ဆယ် အစိတ်လောက်တော့ ပါသွားတယ်။

**ကြည်စိုးထွန်း။** ။ ရုပ်ရှင် ထဲ ရောက်တဲ့ အခါကျတော့ ဂုဏ်သိက္ခာရှိတဲ့လူတွေ ရောက်လာတော့လည်း ရုပ်ရှင်လောက ဂုဏ်သိက္ခာရှိတာပေါ့ အစ်ကိုရယ်။ အဲ လူရှုပ်လူပွေတွေ ရောက်တော့လည်း ရှုပ်ရှုပ်ပွေပွေ ရှိတာပေါ့။ ဒါကတော့ ဘယ်နယ်မဆို ဒီလိုပါပဲ။ သို့သော်လည်း ဒီမှာအစ်ကို ပြောတဲ့အခါမှာ ကျွန်တော်လည်း သတိထားစဉ်းစားမိတော့ ဟိုတစ်လောက ဦးတင်ယုနဲ့ စကားပြောတဲ့အခါမှာ ဒီလိုပဲ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းက ရုပ်ရှင်ကို စိတ်ဝင်စားတဲ့ အကြောင်းနဲ့ ရုပ်ရှင်ကို အားပေးတဲ့ အကြောင်းတွေ ကြားရတယ်။ ဒီမှာဆိုရင် အစ်ကိုနဲ့ဆိုရင်လည်း ဦးနုကနေပြီးတော့ ရုပ်ရှင်ကို စိတ်ဝင်စားတယ်။ ရုပ်ရှင်ကို အားပေးတယ်။ ကူညီတဲ့အကြောင်းတွေ ကြားရတာ ကျွန်တော်တို့ ဒါတွေကျတော့လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့အထိပေါ့လေ။ နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာဆိုရင် ရုပ်ရှင်ကို အားပေးပြီးတော့ အခုအထိ ဝါသနာပါပြီးတော့ ကြည့်ရှုစောင့်ရှောက်တာကိုတော့ အင်မတန်ဝမ်းသာပါတယ် အစ်ကို။ ဒါနဲ့ အစ်ကို ဒေါက်တာအောင်ကျော်ဦးက ရိုက်ဖြစ်ရော ဆိုပါတော့။

**မောင်မောင်တာ။** ။ ရိုက်ဖြစ် သွားပါတယ်။ ဒေါက်တာအောင်ကျော်ဦးမှာ မေသစ်တို့၊ မေရီမြင့်တို့ ပါလာတယ်။





ဦးကျော်သောင်း



Valentino



မေရီမြင့်



''ဒေါက်တာအောင်ကျော်ဦး''ဇာတ်ကားမှ သရုပ်ဆောင် မောင်မောင်တာနှင့် မေသစ်တို့၏ ဇာတ်ဝင်ခန်း။

စာမျက်နှာ ၉ သို့ ✪

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင်-

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆန်ပြည်ပတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်ရိက္ခာ အရန်ဆန်ဝယ်ယူသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များကို ဇွန် ၂၆ ရက်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ကြောင်း။

အဆိုပါအစည်းအဝေးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ခြင်းနှင့် အရန်ဆန်ဝယ်ယူခြင်းကိစ္စရပ်များအပေါ် ဖြေလျှော့စီစဉ်ပေးရန် ညှိနှိုင်းဆုံးဖြတ်ခဲ့မှုများမှာ ပြည်ပဆန်တင်ပို့ခြင်းအား ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁ ရက်နေ့မှစတင်၍ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် တစ်လလျှင် ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းစီနှင့် စက်တင်ဘာလတွင် ဆန်တန်ချိန် တစ်သိန်း၊ စုစုပေါင်းတန်ချိန် လေးသိန်း ထပ်မံတင်ပို့ရန် လျာထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့ခြင်းအပေါ် တန်ချိန် ၂ ဒသမ ၄ သန်း လျာထားသတ်မှတ်လျက် ပြည့်မီစွာ တင်ပို့နိုင်ရေးကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကြိုးပမ်းဆောင်ရွက်ပေးရန်၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှစတင်၍ ကုမ္ပဏီများ၏ ဆန်ပြည်ပတင်ပို့မှုအပေါ် ပမာဏကန့်သတ်ထားခြင်းစနစ်အား ပယ်ဖျက်လျက် Contract စာချုပ်များအရ လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုသတ်မှတ်ပေးရန်၊ နိုင်ငံတော်ရိက္ခာ အရန်ဆန် ၁၀ ရာခိုင်နှုန်း ပေးသွင်းခြင်းအား ဇူလိုင် ၁ ရက်နေ့မှစတင်၍ ပို့ကုန်ပမာဏ၏ ငါးရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ရန်နှင့် ပို့ကုန်လိုင်စင်မလျှောက်ထားမီ ၂ ဒသမ ၅ ရာခိုင်နှုန်းပေးသွင်းပြီး၊ ပို့ကုန်လိုင်စင်ရပြီး ၁၅ ရက်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်းပေးသွင်းသည့်စနစ်ကို ဆောင်ရွက်ပေးရန်၊ ဆန်ပို့ကုန်လိုင်စင်၏ သက်တမ်းအား ယခင် ၄၅ ရက်အစား ရက်ပေါင်း ၆၀ အထိ တိုးမြှင့်သတ်မှတ်ပေးရန်ဟူ၍ ဖော်ပြထားသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၈ မှ

**ကြည်စိုးထွန်း။** ။ ဂျော်လီဆွေ့နောက်တက္ကသိုလ်နေဝင်း။

**မောင်မောင်တာ။** ။ ထွန်းဝေလည်း ပါတယ်။ ဒေါက်တာအောင်ကျော်ဦးမှာ ဇာတ်ဆရာအခန်း အဲဒီတုန်းက ဇာတ်ရန်။

**ကြည်စိုးထွန်း။** ။ Side part ပဲ၊ ဦးထွန်းဝေ ကလည်းနော် အစ်ကို။ Side part ကနေ တဖြည်းဖြည်းတက်လာရတာ တကယ်တော်ပါတယ် သူလည်း။

**မောင်မောင်တာ။** ။ အမှန်တော့ ကားရိုက်တဲ့ အခါမှာ ထွန်းဝေက ခေါတ်ပုံရိုက်တယ်။ ခေါတ်ပုံဝါသနာပါတယ်။ ဒါပေမဲ့ အဲဒါလုပ်နေတာက သူကလည်း ဝင်ဖို့လုပ်နေတာ။ ဒါပေမဲ့ အဲဒီလို တစ်စတစ်စနဲ့။

**ကြည်စိုးထွန်း။** ။ ကြိုးစားရတာပေါ့နော်။ အဲဒီထဲမှာ အရည်အချင်း ရှိတယ်လို့ သဘောပေါက်တယ် အကက အစ။ Valentino အကလို့ ခေါ်ပါတယ်။ Valentino က Italian မင်းသားပေါ့လေ။

**ကြည်စိုးထွန်း။** ။ Valentino က ဘေးစောင်း ဆိုသိပ်ကြည့်ကောင်းတဲ့ မင်းသား။ အဲဒီကားက ဆရာရွှေဒုံးဘီအောင် ဆုရတယ်။

**ကြည်စိုးထွန်း။** ။ အစ်ကိုလည်း အမှန်တော့ အဲဒီကားထဲမှာတော်တော့်ကို ကောင်းတာပါ။ ဘာလို့လဲဆိုတော့ အစ်ကိုက အနောက်တိုင်းယဉ်ကျေးမှုကို နှစ်သက်တဲ့သူ။ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးတဲ့သူ အဲဒီထဲမှာ၊ ဒါပေမဲ့ အမျိုးသမီးက မေသစ်က သူက မြန်မာမှု မြန်မာဟန်အနေနဲ့ မြန်မာ့အိမ်ထောင်လေးကို ထိန်းသိမ်းချင်တဲ့သူ၊ အဲဒီမှာ အစ်ကိုကလည်း ဒီအိမ်ထောင်ရေးကို မဖောက်ပြန်ချင်ပေမယ့်၊ ဒီအိမ်ထောင်ရေးကို မပျက်စီးစေချင်ပေမယ့် တစ်ဖက်မှာ အတွေ့နဲ့ အစ်ကိုက တော်တော့်ကို ဒီ. . .။










အစ်ကိုကတဲ့အခန်းတွေ ကျွန်တော်တွေ့ရတယ်။

**မောင်မောင်တာ။** ။ ဟုတ်ကဲ့ ကျွန်တော် မေရီမြင့်က အဲဒီထဲမှာ အကသင်ဆရာမဆိုပြီးတော့ သူ့စိတ်ကူးခန်းမှာ ကျွန်တော်က ကျွမ်းကျင်တဲ့ အက မေရီမြင့်ကို ကျွန်တော် ၁၅ ရက်လောက်ပဲ သင်ပေးပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**မောင်မောင်တာ။** ။ အနောက် တိုင်း အက ကို ကျွန်တော် ကပြတာလည်း ပါပါတယ်။ အထူးသဖြင့် Italian Valentino မင်းသားရဲ့ Tango အကလို့ ခေါ်တာပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။Valentino မင်းသားရဲ့ Tango ဟုတ်လား။

**မောင်မောင်တာ။** ။ Valentinoမင်းသားက Valentino ဆိုကတည်းက လူတစ်ယောက်ကို Valentino လို့သတ်မှတ်လိုက်ရင် အဲဒီလူက ဘယ်လောက်

**မောင်မောင်တာ။** ။ အဲဒီမလွန်ဆန်နိုင်တဲ့ အတွေ့ဘဝ ရောက်သွားတဲ့အတွက် ကိုယ့်သိက္ခာပိုင်းဆိုင်ရာကို အသက်သာပေးသွားမယ် ဖော်မသွားဘူးဆိုတာ အဲဒါ အဲဒါပဲလေ။

**ကြည်စိုးထွန်း။** ။ နာမည် ဟာ ကျွန်တော် တို့နောက်ပိုင်း ကြည့်တဲ့အခါမှာ Sommersby လားမသိဘူး။ လူဟာ သေချင်သေသွားပါစေ။ လူတစ်ယောက်ရဲ့နာမည်ဟာ အရေးကြီးတယ် ဆိုတာ ဒေါက်တာအောင်ကျော်ဦးမှာ တော်တော်သဘောကျပါတယ် ကျွန်တော်။

**မောင်မောင်တာ။** ။ ရှင်လျက်နဲ့ သေနေတာပါ။ သေတဲ့ဘဝက တန်တယ်။ သိက္ခာတော့အကျမခံဘူး။

**ကြည်စိုးထွန်း။** ။ ဒေါက်တာ အောင်ကျော်ဦး ဆိုတဲ့ နာမည်ကိုတော့ ငါအပျက်မခံနိုင်ဘူး။

**မောင်မောင်တာ။** ။ အဲဒီကား တစ်ကားလုံးမှာ နာမည်က ဒေါက်တာအောင်ကျော်ဦး၊ ကျွန်တော်က ဒေါက်တာအောင်ကျော်ဦး အကယ်ဒမီ List ထွက်လာတဲ့အခါကျတော့ ကျွန်တော် လှမ်းကြည့်တယ်။ ကားကို အကယ်ဒမီပေးတယ်။ ဒါရိုက်တာကို ပေးတယ်။ ကုမ္ပဏီကိုပေးတယ်။ မောင်မောင်တာကို မပေးဘူး။

**ကြည်စိုးထွန်း။** ။ ဒေါက်တာ အောင်ကျော်ဦး လုပ်တဲ့ သူကို မပေးဘူး။

**မောင်မောင်တာ။** ။ မရဘူး အမေရိကန်နိုင်ငံ ဝါရှင်တန်က အင်တာဗျူးလုပ်သေးတယ် ကျွန်တော့်ကို အဲဒီအချိန်တုန်းက။ ကျွန်တော် အဲဒီလိုပဲ ဖွင့်ပြောတယ်။ ဒေါက်တာအောင်ကျော်ဦး အကယ်ဒမီရတယ်ဆိုတာ ကျွန်တော်ရရမှာလို့ မပေးဘူး။ အဲဒါနဲ့သက်ဆိုင်ရာဝန်ကြီးနဲ့တစ်နေ့တွေ့တဲ့အခါကျတော့ ကျွန်တော်မေးတယ်။ ဒေါက်တာအောင်ကျော်ဦး အကယ်ဒမီဆိုတာ ကျွန်တော် ဒေါက်တာအောင်ကျော်ဦး ကျွန်တော်ဘာလို့မရသလဲလို့။ ဟာ မောင်ရင်ရာ မောင်ရင်က မြင်းပါတဲ့ မြင်းလေ ချီတပ်ပေးရင် ခွေ့လည်း ခွေ့မယ်။

**ကြည်စိုးထွန်း။** ။ ဟားဟားဟား။

**မောင်မောင်တာ။** ။ ပြောသွား တာပေါ့လေ ရယ်စရာလိုလိုနဲ့၊ အဲဒီနှစ်မှာ ကိုထွန်းဝေကမင်းသားဖြစ်သွားပြီးတော့ ဗိုလ်မြဒင်နဲ့သူက အကယ်ဒမီယူသွားတယ်။

**မောင်မောင်တာ။** ။ လုပ်လိုက် ပါကွာ တဲ့ မင်းကလည်း ကျွန်တော့်ကို နှစ်သိမ့်တဲ့ စကားတွေပြောစစချင်းကတော့ မြင်းချီတပ်ပေးလို့မရဘူး ပြောတယ်။ နှစ်သိမ့်တဲ့စကား ပြောပြီးတော့ ကျေနပ်လိုက်ပါတယ် ကျွန်တော်။ ဒါပေမဲ့ မရတဲ့အကြောင်းတွေ ကြုံတုန်းကြုံတုန်းမှာ ဖော်ရတာပေါ့။ နာတယ်လို့တော့ ထင်တယ်။ ကျွန်တော် တန်ဖိုးထားလို့ပါ ဒါလည်း။

**ကြည်စိုးထွန်း။** ။ မှန်ပါတယ် အစ်ကို မှန် ပါတယ်။ တစ်ခါတလေကျတော့လည်း ကံအကြောင်းတရားပေါ့လေ ဒီလိုပဲ သဘောထားရတော့တာပေါ့။ သူ့ရဲ့အကယ်ဒမီက။ သို့သော်လည်း အစ်ကိုကမှတ်မိစရာ အကြောင်းတွေ အများကြီးရှိပါတယ်။ ဒေါက်တာအောင်ကျော်ဦးဆိုလည်း အစ်ကို့လုပ်ဆောင်ချက်တွေက အများကြီးကောင်းခဲ့တယ်ဆိုတာလည်း ကျွန်တော်တို့တွေ့ရတာပဲ။ ခုနတုန်းကလို နှစ်ဘဝ နှစ်နေရာမှာ သူ့ဘာသာသူ အမှားတွေ နောင်တရပြီးတော့ ဖြစ်တဲ့ခံစားမှုတွေဘာတွေ ဆိုရင်လည်း အစ်ကိုပီပီပြင်ပြင်လုပ်နိုင်တာပဲ။ ရှေ့မှာဆိုရင်လည်း ဆရာဝန်ဘဝမှာ အနောက်တိုင်း ယဉ်ကျေးမှုကို နှစ်သက်ပင်နှစ်သက်သော်ငြားလည်း ကိုယ့်ရဲ့ မိသားစုအပေါ်မှာ တန်ဖိုးထားတယ်ဆိုတဲ့ ပုံစံလေးတွေပြတာဆိုရင်လည်း ကောင်းတယ်အစ်ကို။ နောက်ဟိုဘက်က မေရီမြင့်ကလည်း အင်မတန်လှတဲ့ မိန်းမပဲ၊ နောက်ပြီးတော့ လမ်းကလည်း အများကြီးခင်းပေးတာ အဲဒီမှာ။ တော်တော်ကို ခင်းပေးတာနော်။ သူက ခြေထောက်တွေနာတယ် ဘာညာဆိုပြီးတော့ အစ်ကို့ကို လမ်းခင်းပေးပြီးတော့ သွေးဆောင်မှုလေးတွေပါရှိတဲ့အခါကျတော့ သွားတော့မှားတော့တာပဲနော်။ အဲဒါလေးတွေ ကောင်းပါတယ်။ ဒေါက်တာအောင်ကျော်ဦးက အင်မတန်ကောင်းတဲ့ ကားပါ။

**မောင်မောင်တာ။** ။ မှားတာကိုပြင်တဲ့နည်း မှန်တဲ့ကား အသက်ပေးသွားတာကိုး သူက။

**ကြည်စိုးထွန်း။** ။ ကောင်းပါတယ် အစ်ကို။ အဲဒီကားကတော့ ဘာပဲဖြစ်ဖြစ် အစ်ကို အကယ်ဒမီရသင့်တဲ့ ကားတစ်ကားလို့ ကျွန်တော်တို့ သတ်မှတ်ရမှာပေါ့။ အဲဒီကားပြီးတော့ အစ်ကို နောက်ဘာကားရိုက်ပါသေးလဲ။

**မောင်မောင်တာ။** ။ အဲဒီကားပြီးတော့ "ချစ်အာရုံ" ဆိုတဲ့ကား။

(ဆက်လက်ဖော်ပြပါမည်)

# မိမိကျွမ်းကျင်ရာနယ်ပယ်အလိုက် ဦးဆောင်နိုင်သူတစ်ဦးဖြစ်ပါစေ

ကောင်းမွန်

မိမိကျွမ်းကျင်ရာနယ်ပယ်အလိုက် ဦးဆောင်နိုင်သူတစ်ဦး၊ ကျွမ်းကျင်သော၊ ထူးခြားသည့် အရည်အချင်းရှိသော ပညာရှင်တစ်ဦးအဖြစ် ရောက်ရှိရေးအတွက် အရည်အချင်းငါးရပ်ကို လေ့ကျင့်ပြုစုပေးသွားဖို့ လိုပါလိမ့်မယ်။

အနာဂတ်ဟာ အရည်အသွေးပြည့်ဝသူတွေအတွက်ဖြစ်တဲ့အလျောက် ဘက်စုံအရည်အချင်းပြည့်ဝကြသလို နည်းပညာပိုင်းအရည်အချင်းလည်း ပြည့်ဝလျက် အများပြည်သူနဲ့ဆက်ဆံရေး၊ အထူးသဖြင့် ညှိနှိုင်းဆွေးနွေးမှုအပိုင်းမှာ ထူးချွန်ပြီး အများနှစ်သက်တဲ့ ဆက်ဆံရေးအပိုင်း ကောင်းမွန်သူတစ်ဦးဖြစ်ဖို့ အရေးကြီးပါတယ်။ သို့ဖြစ်၍ နေ့စဉ်နေ့တိုင်း၊ နေရာတိုင်းမှာ လေ့လာမှတ်သားတတ်တဲ့အကျင့်ကို ပြုစုပျိုးထောင်ဖို့ လိုပါတယ်။

မည်သည့်နယ်ပယ်မှာဖြစ်စေ၊ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ ကျွမ်းကျင်သူတစ်ဦး ဖြစ်လာစေဖို့ အောက်ဖော်ပြပါ အရည်အချင်းငါးရပ်ကို လေ့ကျင့်ပျိုးထောင်သင့်ပါတယ် –

**(၁) အခွင့်အရေးတိုင်းကို ကောင်းစွာအသုံးချပါ။**

မူလဆောင်းပါးရှင်ဟာ ဆံပင်ပုံသွင်းပုံဖော်သူ ပညာရှင်တစ်ဦးအနေနဲ့ ဘဝကို စတင်ခဲ့သူဖြစ်ပါတယ်။ သို့ဖြစ်၍ ယခုနောက်ပိုင်း ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေမှာ မကြာခဏဆိုသလို မေးမြန်းခံရသည်မှာ ဆွေးနွေးပွဲတွေမှာ အဓိကဟောပြောသူ တစ်ဦး၊ စာရေးဆရာ တစ်ဦး၊ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ မိန့်ခွန်းတွေအတွက် အကြံပြုရသူတစ်ဦး ဖြစ်လာစေဖို့ ဘယ်လိုလေ့ကျင့်ခဲ့သလဲဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

အဖြေက ရိုးရိုးစင်းစင်းလေးပါ။ အခါအခွင့်သင့်တိုင်း ပေါ်လာတတ်တဲ့ အခွင့်အရေးကို သတိပြုမိတတ်အောင် လေ့လာတာနဲ့ ယင်းတို့ကို အသုံးချတတ်ခြင်းပဲ ဖြစ်ပါတယ်။

အခွင့်အလမ်းဆိုတာ တစ်ကြိမ်တစ်ခါတည်း ဖြစ်ပေါ်လာတတ်တာ မဟုတ်ပါ။ အချိန်တိုင်း၊ နေရာတိုင်းမှာ ဖြစ်ပေါ်တတ်ပေမယ့် မိမိတို့က အခွင့်အလမ်းရဲ့ အသုံးပြုခြင်းကို သတိမထားမိခြင်းပဲ ဖြစ်ပါတယ်။

ဤနေရာမှာ အခွင့်အလမ်းဆိုတာနဲ့ပတ်သက်ပြီး မိမိငယ်စဉ်က ဖတ်ဖူးခဲ့တဲ့ ဆရာနန္ဒာသိန်းဇံရဲ့ "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" ဆိုတဲ့ စာအုပ်ထဲမှာ ရှင်းလင်းဖော်ပြထားတဲ့ အခွင့်အလမ်းကို မှတ်မိသလောက် ပြန်လည်မျှဝေလိုပါတယ်။ အခွင့်အလမ်းဆိုတာကို လမ်းလေးခွဆုံမှာချထားပြီး မျက်နှာမှာ ဆံပင်တွေ ဖုံးနေကာ ခြေ၊ လက်တွေမှာ အတောင်ပံတွေပါတဲ့ ရုပ်တုတစ်ခုနဲ့ တင်စားထားတာပါ။ အခွင့်အလမ်းဆိုတာ မိမိတို့ထံပါးကို ရောက်ရှိလာတတ်ပေမယ့် မျက်စိကို ဆံပင်တွေ ဖုံးနေသလိုမျိုး အခြားသော အခြင်းအရာတွေနဲ့ အခွင့်အလမ်းကို သတိမပြုမိ ဖြစ်တတ်ပါတယ်။ အတောင်အလက်ပါပြီး အဝေးကို ပျံသွားသလိုမျိုး အခွင့်အလမ်းက ရောက်ရှိလာပြီး မကြာမီမှာပဲ အလျင်အမြန်ထွက်သွားတတ်တယ်လို့ လွန်ခဲ့တဲ့ ဆယ်စုနှစ် သုံးခုလောက်က ဖတ်ထားမိတာကို မှတ်မိသလောက် ပြန်ဝေမျှလိုက်ပါတယ်။ စာသားအသုံးအနှုန်း ကွာခြားမှုတွေ၊ တင်ဆက်မှု ခြားနားချက်တွေအတွက် တောင်းပန်ရင်း အတိအကျ ဖတ်မှတ်လေ့လာနိုင်ဖို့ ယင်းစာအုပ်ကို ရည်ညွှန်းလိုပါတယ်။

ဒီနေ့ အသုံးပြုနေကြတဲ့ အမျိုးမျိုးသော တယ်လီဖုန်းတွေ၊ လက်ကိုင်ဖုန်းတွေ၊ စမတ်ဖုန်းတွေရဲ့ ဘိုးအေကြီးလို့ ဆိုရမယ့် ကနဦးတယ်လီဖုန်းကို တီထွင်ခဲ့တဲ့ အလက်ဇန္ဒား ဂရေဟမ်ဘဲလ်ကလည်း အခွင့်အလမ်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖွင့်ဆိုထားဖူးပါတယ်။ ၎င်းကတော့ အခွင့်အလမ်းကို တံခါးချပ်တွေနဲ့ တင်စားထားတာပါ။ တံခါးချပ်တစ်ခု ပိတ်သွားချိန်မှာ အခြားတစ်ချပ်က ပွင့်လာတတ်ပါတယ်။ သို့ပေမယ့် ပိတ်သွားတဲ့တံခါးချပ်အပေါ်မှာ အချိန်ကြာမြင့်စွာ အာရုံစိုက်ကြည့်နေတတ်လို့ အခြားတစ်ဖက်က မိမိတို့အတွက် ပွင့်လာတဲ့ အခွင့်အလမ်းဆိုတဲ့ တံခါးချပ်ကို မမြင်မတွေ့ဖြစ်တတ်တယ်လို့ ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။

အခွင့်အလမ်းတွေအကြောင်း ပြောနေရင်းက မူလဦးတည်ချက်ဖြစ်တဲ့ မိမိလုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်မှုရရှိစေဖို့ နည်းလမ်းတစ်ရပ်အဖြစ် အောင်မြင်တဲ့ပုဂ္ဂိုလ်တွေ ၎င်းတို့ရဲ့အောင်မြင်မှုတွေကို ဘယ်ပုံဘယ်နည်းနဲ့ရရှိခဲ့တယ်ဆိုတာကို လေ့လာဖို့လည်း အကြံပြုလိုပါတယ်။

**(၂) လျော်ကန်သည့် မေးခွန်းများမေးပါ။**

"မေးပါများ စကားရ" ဆိုတဲ့အတိုင်း မိမိတို့ သိလိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူတို့ကို မေးမြန်းဖို့ လိုပါတယ်။ တစ်ကြိမ်တည်းနဲ့ မေးမြန်းလို့ မရပါက နောက်တစ်ကြိမ် အခွင့်သာရင် ထပ်မံမေးမြန်းသင့်ပါတယ်။

အောင်မြင်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ၎င်းတို့ရဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေနဲ့ပတ်သက်ပြီး မျှဝေဖို့ အသင့်ရှိပါလိမ့်မယ်။ အရေးကြီးတာက ၎င်းတို့ရဲ့ အလေးဂရုပြုမှုနဲ့ တုံ့ပြန်မှုတို့အတွက် လျော်ကန်တဲ့ မေးခွန်းကောင်းတွေ မေးတတ်ဖို့ပဲ ဖြစ်ပါတယ်။

**အနာဂတ်ဟာ အရည်အသွေး ပြည့်ဝသူတွေအတွက် ဖြစ်တဲ့အလျောက် ဘက်စုံအရည်အချင်း ပြည့်ဝကြသလို နည်းပညာပိုင်း အရည်အချင်းလည်း ပြည့်ဝလျက် အများ ပြည်သူနဲ့ဆက်ဆံရေး၊ အထူးသဖြင့် ညှိနှိုင်းဆွေးနွေးမှု အပိုင်းမှာ ထူးချွန်ပြီး အများနှစ်သက်တဲ့ ဆက်ဆံရေးအပိုင်း ကောင်းမွန်သူတစ်ဦးဖြစ်ဖို့ အရေးကြီးပါတယ်။ သို့ဖြစ်၍ နေ့စဉ်နေ့တိုင်း၊ နေရာတိုင်းမှာ လေ့လာမှတ်သားတတ်တဲ့ အကျင့်ကို ပြုစုပျိုးထောင်ဖို့လို**

အခြားသောသူတွေနဲ့ ဆက်ဆံရေးတည်ဆောက်ဖို့အတွက် အဓိကသော့ချက်က အပြန်အလှန် စကားပြောတာဖြစ်ပြီး ယင်းအတွက် အဓိကကျတာက မှန်ကန်တဲ့၊ ဆီလျော်တဲ့ မေးခွန်းတွေ မေးတတ်ခြင်းပဲ ဖြစ်ပါတယ်။ အပြန်အလှန် စကားပြောတာကနေ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ရပ်ကို တည်ဆောက်နိုင်သလို ယင်းမှတစ်ဆင့် အံ့သြဖွယ်ကောင်းတဲ့ ရလဒ်ကို ဖြစ်စေတတ်ပါတယ်။

**(၃) မိမိရဲ့ လုပ်ငန်းနယ်ပယ်မှာ အပြည့်အဝ အာရုံစိုက်ပါ။**

အစဉ်လို မိမိကိုယ်ကို မေးမြန်းနေရမယ့် မေးခွန်းနှစ်ခု ရှိပါတယ်။ ပထမမေးခွန်းကတော့ မိမိရဲ့ လုပ်ငန်းအပေါ်၊ မိမိရဲ့အလုပ်ရှင်၊ မိမိရဲ့လုပ်ငန်းဌာန၊ အဖွဲ့အစည်းအပေါ် မည်သို့မည်ပုံ အထောက်အကူ ပြုစေနိုင်မလဲဆိုတာပါပဲ။

ဒုတိယမေးခွန်းကတော့ လုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး မှီခိုအားထားခံရသူ၊ အလေးထားခံရသူတစ်ဦး ဖြစ်လာစေဖို့ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတဲ့ မေးခွန်းပါပဲ။ အဲဒီမေးခွန်းနဲ့ပတ်သက်ပြီး မိမိကိုယ်ကို အစဉ်မေးမြန်းနေမယ်၊ ယင်းအတွက်လည်း ကြိုးပမ်းအားထုတ်နေမယ်ဆိုရင်တော့ မိမိက ပေးဆပ်လိုက်ရတာထက် ပိုမိုကောင်းမွန်တဲ့ ရလဒ်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

**(၄)စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဇာတ်လမ်းတို့ကို အသုံးပြုပါ။**

မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိလုပ်ငန်းပိုင်းနဲ့ဖြစ်စေ အကောင်းဆုံးဖြစ်စေဖို့ ဘယ်လိုတင်ဆက်ရမယ် ဆိုတာကို အစဉ်စဉ်းစားထားသင့်ပါတယ်။ မိမိလုပ်ငန်းပိုင်းဆိုင်ရာ ကွန်ရက်ကို တည်ဆောက်နိုင်ဖို့ ယင်းအတွက် တစ်ဖက်သားရဲ့ ခေါင်းထဲမှာ စွဲမြဲနေစေမယ့် ဇာတ်လမ်းတွေကို စဉ်းစားထားသင့်ပါတယ်။ တစ်ခါတစ်ရံတော့လည်း နောက်ခံမှာ အသာလေး မှေးဝင်တတ်ဖို့ လိုပါတယ်။

မိမိတို့အများစုက အခြေအနေအချို့မှာ ရှက်ကြောက်နေတာမျိုး ဖြစ်တတ်ပါတယ်။ သို့သော်လည်း မိမိလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး အလေးထားခံရသူ၊ မှီခိုအားထားခံရသူတစ်ဦးဖြစ်ဖို့ဆိုရင်တော့ လိုအပ်ရင်လိုအပ်သလို ရှေ့ထွက်ပြောဆိုတတ်ဖို့ လိုပါတယ်။

အများရှေ့မှောက်သို့ရောက်နေပြီး မိမိကိုယ်ကို တင်ဆက်ရတော့မယ့်အခြေအနေမျိုးမှာ မည်သို့ တင်ဆက်ပါမလဲ။ သင့်အနေနဲ့ မည်သည့်လုပ်ငန်းကို လုပ်ကိုင်ပါသလဲ၊ မိမိရဲ့အလုပ်မှာ ဘာတွေလုပ်ဆောင်သလဲလို့ အများက မေးလာတဲ့အခါမှာ ၎င်းတို့ရဲ့ဦးနှောက်ထဲမှာ စွဲသွားစေဖို့ ဘယ်ပုံဘယ်နည်းနဲ့ တင်ဆက်ပါမလဲ။ ယင်းအတွက် တစ်ပါးသူတွေရဲ့ ခေါင်းထဲမှာ စွဲသွားစေဖို့ တစ်ကြောင်းဝါကျလေးတွေကို စဉ်းစားထားဖို့ အကြံပြုလိုပါတယ်။

မိမိတို့ရဲ့ လုပ်ငန်းပိုင်း၊ မိမိတို့ရဲ့ အလုပ်အကိုင်နဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ၊ အောင်မြင်မှုတွေကို ရှင်းလင်းမြင်သာတဲ့ တင်ဆက်မှုမျိုးနဲ့ ပြောပြနိုင်ဖို့ စဉ်းစားထားသင့်ပါတယ်။ တစ်ပါးသူတွေအနေနဲ့ သင်ပြောနေတဲ့ စကားတွေထက် သင်ဖန်တီးလိုက်တဲ့ ပုံရိပ်ကို ပိုမိုအမှတ်ရကြမှာ ဖြစ်ပါတယ်။

**(၅)တစ်ဖက်သားကိုဆွဲဆောင်နိုင်တဲ့ စွမ်းပကားကို ပြုစုပျိုးထောင်ပါ။**

လုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ပြီး တာဝန်ခံနိုင်သူတစ်ဦးဆိုတာက အခြားသူတွေအပေါ်မှာ ဩဇာသက်ရောက်မှုရှိအောင် မည်သို့လုပ်ရမယ်ဆိုတာ သိရှိနားလည်ထားခြင်းပဲ ဖြစ်ပါတယ်။

အမေရိကန်သမ္မတဟောင်းတစ်ဦးဖြစ်တဲ့ အိုက်စင်ဟောင်ဝါက တစ်ခါက ပြောဖူးပါတယ်။ "ခေါင်းဆောင်မှုဆိုတာ ဘာကိုလုပ်ဆောင်ရမယ်ဆိုတာ ဆုံးဖြတ်နိုင်ပြီး ယင်းကိုအများကလိုလိုလားလားဆောင်ရွက်လာကြအောင် လုပ်ဆောင်နိုင်တဲ့ အရည်အချင်းပါပဲ"တဲ့။

တစ်ပါးသူအနေနဲ့ လိုလိုလားလားလိုက်နာဆောင်ရွက်ကြအောင်၊ ၎င်းတို့အပေါ် ဩဇာသက်ရောက်မှုရှိအောင် မည်သို့လုပ်ရပါမလဲ။

စာရေးသူထံမှာ အလုပ်အပ်နှံဖူးသူများအနက် တစ်ဦးကတော့ ရစ်ဇ်ကာလ်တန်ဟိုတယ်အုပ်စုက ဥက္ကဋ္ဌဟောင်းပဲ ဖြစ်ပါတယ်။ ၎င်းက ရစ်ဇ်ကာလ်တန်ဟိုတယ်ရဲ့ လုပ်ငန်းခွင်ကို ဝင်ရောက်လာကြမယ့်သူတွေကို ပြောလေ့ရှိတာက "မိမိတို့အားလုံးဟာ လူကြီးလူကောင်းတွေကို ဝန်ဆောင်မှုပေးကြတဲ့ လူကြီး လူကောင်းတွေပဲ ဖြစ်ကြပါတယ်"တဲ့။ မိမိတို့ ဟိုတယ်မှာ လာရောက်တည်းခိုကြတဲ့ ဧည့်သည်တွေဟာ အတွေ့အကြုံကောင်းရချင်လို့ မိမိတို့ဟိုတယ်ရဲ့ ဈေးနှုန်းအတိုင်းပေးပြီး လာရောက်တည်းခိုကြတာပါ။ ဝန်ထမ်းတွေရဲ့အလုပ်က ဧည့်သည်တွေမျှော်မှန်းထားတဲ့ အတွေ့အကြုံကောင်းရဲ့ အစိတ်အပိုင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ တစ်ဖက်သူတွေက မေးမြန်းလာတဲ့အခါ အဲဒါ မိမိရဲ့လုပ်ငန်းတာဝန်မှာ ဖော်ပြထားခြင်း မရှိဘူးလို့ ဘယ်သောအခါမှ မပြောမိစေဖို့ အရေးကြီးသလို သင်တို့ရဲ့ ကိုယ်ပိုင်ပြဿနာတွေကို လုပ်ငန်းခွင်သို့ သယ်ယူမလာဖို့လည်း ထပ်တူအရေးကြီးပါတယ်"တဲ့။ သိသာတဲ့အချက်ကတော့ အဲဒီနည်းလမ်းက ရစ်ဇ်ကာလ်တန်မှာ အလုပ်ဖြစ်နေတယ်ဆိုတာပါပဲ။

စာဖတ်သူတွေအနေနဲ့ရော အခြားသူတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ လုပ်ငန်းနယ်ပယ်က အတတ်ပညာရှင်တွေကို အလားတူ ဆွဲဆောင်နိုင်တဲ့ စွမ်းပကားရှိပါသလား။ သင့်ရဲ့ကုမ္ပဏီ၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနဲ့ပတ်သက်ပြီး အများရှေ့မှောက်မှာတင်ပြဖို့အတွက် ဆွဲဆောင်ပြောကြားဖို့ အသင့်ရှိနေပါသလား။

လေ့လာမှု အလေ့အထကို နေရာတိုင်း၊ အချိန်တိုင်းမှာ ပြုစုပျိုးထောင်ဖို့ လိုပါတယ်။ ကနဦး လှုပ်ရှားမှုကို လိုအပ်သလို လုပ်ဆောင်ပါ။ လူအများစုထဲက သင်တို့နဲ့ မတူတဲ့သူတွေ၊ သင်တို့ စဉ်းစားသလိုမျိုး မစဉ်းစားတဲ့သူတွေနဲ့ တွေ့ဆုံပါ။

စာရေးသူအနေနဲ့ တစ်ခါတုန်းက ငါးရက်ကြာကျင်းပတဲ့ ညီလာခံတစ်ခုကို တက်ရောက်ခဲ့တာ အမှတ်ရမိပါတယ်။ ညီလာခံသို့ တက်ရောက်လာသူအများစုက ခရစ်ယာန်ဘုန်းကြီးတွေ ဖြစ်ကြပါတယ်။ စာရေးသူက နံနက်စာသုံးဆောင်ဖို့ ကော်ဖီဆိုင်အသွား ဆိုင်အတွင်း မိမိနဲ့တူညီမှု မရှိဆုံးအုပ်စုကို လေ့လာကြည့်မိပါတယ်။ ယင်းနောက်တော့ ပရိတက်စတင့်အုပ်စု တစ်မျိုးဖြစ်တဲ့ မင်နိုနိုက်မိသားစုဝင်နှစ်စုနဲ့ အတူတူထိုင်ပြီး နံနက်စာသုံးဆောင်ဖြစ်ပါတယ်။ ညီလာခံကာလတစ်လျှောက် ပြောဆိုလာလိုက်တာ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတွေအဖြစ် ရောက်ရှိခဲ့ပါတယ်။ ၎င်းတို့နဲ့ ပိုမိုသိကျွမ်းလာပြီး ၎င်းတို့နဲ့ စကားပြောဆိုရတာကို နှစ်ခြိုက်မိတဲ့အလျောက် ၎င်းတို့အနေနဲ့ ဘာကိုသက်ဝင်ယုံကြည်ကြပြီး ဘာကြောင့်ဆိုတာကို ပြောပြနိုင်မလားလို့ မေးမြန်းတဲ့အထိ ရင်းနှီးခဲ့ပါတယ်။ စာရေးသူအနေနဲ့ ၎င်းတို့နဲ့ တွေ့ဆုံရင်းနှီးခွင့်ရခြင်းအပေါ် ကျေနပ်အားရမိသလို ၎င်းတို့ကလည်း စာရေးသူနဲ့ ရင်းရင်းနှီးနှီး ပြောဆိုခွင့်ရတဲ့အပေါ် ကျေနပ်အားရကြတာကို တွေ့ရှိရပါတယ်။

သင်တို့ရဲ့လုပ်ရပ်အရလည်းကောင်း၊ ဖန်တီးလိုက်တဲ့ ဝန်းကျင်အနေအထားအရလည်းကောင်း တစ်ပါးသူတွေကို ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ သက်ဆိုင်ရာလုပ်ငန်းဘာသာရပ်အရဖြစ်စေ စိတ်အားတက်ကြွလာအောင် လှုံ့ဆော်နိုင်ပါလိမ့်မယ်။

စာဖတ်သူတို့အနေနဲ့ လုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ပြီး တာဝန်ခံနိုင်သူ တစ်ဦးအဖြစ်သို့ ရောက်ရှိလာချိန်မှာတော့ အခြားသူတွေက သင်တို့လုပ်ကိုင်သမျှကို လေ့လာစောင့်ကြည့်ပြီး သင်တို့ ပြောကြားတာ မှန်သမျှကို နားထောင်ကြမှာ ဖြစ်ပါတယ်။

Ref: **"Be a leader in your field." by Patricia Fripp, an executive speech coach, sales presentation skills trainer and award-winning keynote speaker.**
**http://library.apiit.edu.my/clipping/be-a-leader-in-your-field**



## ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကျဆင်းရေး ပြည်သူများ နှာခေါင်းစည်းဝတ်ဆင်ကြရန် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် တိုက်တွန်း

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် အမေရိကန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကျဆင်းရေးအတွက် အမေရိကန်နိုင်ငံသားများအနေဖြင့် နှာခေါင်းစည်းများ ဝတ်ဆင်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဒဏ်ခံခဲ့ရသည့် ဒေသများနှင့် ခပ်ခွာခွာနေထိုင်ခြင်းစည်းမျဉ်းကို လိုက်နာဆောင်ရွက်မှုအားနည်းသည့် ဒေသများတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းသည်အကောင်းဆုံးလုပ်ဆောင်ချက်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က တက္ကဆက်ပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မိုက်ပန့်စ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ မိုက်ပန့်စ်သည် သတင်းစာရှင်းလင်းပွဲပြီး၍ လေယာဉ်ဖြင့် ထွက်ခွာသွားချိန်အထိ နှာခေါင်းစည်းဝတ်ဆင်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် နှစ်သန်းခွဲကျော်ရှိပြီး ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အများဆုံးနိုင်ငံလည်းဖြစ်သည်။

အမေရိကန်အခြေစိုက် ဂျွန်ဟော့ကင်း တက္ကသိုလ်၏ပြောကြားချက်အရ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက် စုစုပေါင်းသည် ၁၀ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်သည်လည်း ငါးသိန်းကျော်ရှိသွားပြီဖြစ်သည်။

နယူးယောက်ပြည်နယ်သည် ခပ်ခွာခွာနေထိုင်ခြင်း စည်းမျဉ်းလိုက်နာဆောင်ရွက်မှုအားနည်းနေသည့်အတွက် ဧပြီလနှောင်းပိုင်းကတည်းက ဒေသခံများအား နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ရမည့်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

## တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် ၁၂ ဦးထက်မနည်း သေဆုံး၊ ၁၀ ဦး ပျောက်ဆုံးလျက်ရှိ

**ပေကျင်း ဇွန် ၂၉**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားရာ လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိရာ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများကြောင့် နောက်ထပ် သေဆုံးသူနှင့် ပျောက်ဆုံးသူ တိုးလာခဲ့ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် အာဏာပိုင်များက ပြောကြားလိုက်သည်။

စီချွမ်ပြည်နယ် မီယန်နင်စီရင်စုမှာ ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တွင် မုန်တိုင်းတိုက်ခတ်မှုဒဏ် ခံခဲ့ရပြီး ယီဟိုင်းမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း စီရင်စုအစိုးရက ကြေညာခဲ့သည်။



ကားနှစ်စီးမှာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော အဝေးပြေးလမ်းမကြီးပေါ်မှ မြစ်တစ်စင်းအတွင်း ထိုးကျသွားခဲ့ပြီး ဒေသခံပြည်သူ ၇၇၀၅ ဦးကို ဘေးလွတ်ရာ ပြောင်းရွှေ့ပေးခဲ့သည်။ အဆိုပါဒေသမှာ တရုတ်နိုင်ငံ၏ အဓိကမြစ်ကြီးသုံးစင်း အစပြုရာ တိဘက်ကုန်းပြင်မြင့်ထက် တဖြည်းဖြည်းမြင့်တက်လာသည့် မတ်စောက်သောကုန်းမြေများ၏ အောက်ခြေလွင်ပြင်တစ်ခုတွင်တည်ရှိသည်။

ယခုလဆန်းတွင် စတင်ခဲ့သည့် တရုတ်နိုင်ငံတစ်ဝန်း ရေလွှမ်းမိုးများကြောင့် လူပေါင်း ၇၈ ဦး သေဆုံးသို့မဟုတ် ပျောက်ဆုံးခဲ့ပြီး အိမ်ပေါင်းတစ်သိန်းကျော် ပျက်စီးကာ စီးပွားရေးအရ ဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံနှင့် ညီမျှသည့် ယွမ် ၂၅ ဘီလီယံကျော်ရှိကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇွန် ၂၈ ရက်တွင် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံတွင် ရာသီအလိုက် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး ယန်ဇီမြစ်ပေါ်ရှိ လျှိုမြောင်သုံးသွယ်ဆည်ကဲ့သို့သော ဆည်များမှတစ်ဆင့် ထိခိုက်ပျက်စီးမှု နည်းပါးစေရန် အာဏာပိုင်များက ကြိုးပမ်းခဲ့သည်။

တရုတ်နိုင်ငံ၏ အဆိုးရွားဆုံး ရေကြီးရေလျှံမှုများမှာ ၁၉၉၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၂၀၀၀ ကျော် သေဆုံးကာ နေအိမ်သုံးသန်းနီးပါး ပျက်စီးခဲ့သည်။

**ကိုးကား-ဒေးလီးမေးလ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဂျပန်နိုင်ငံ၌ အခမ်းအနားများဖျက်သိမ်းခြင်းကြောင့် ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံကျော် ရှိလာမည်

**တိုကျို ဇွန် ၂၉**

ဂျပန်နိုင်ငံ၌ ယခုနှစ်နှစ်စအတွင်း ကျင်းပမည့်အခမ်းအနားများကို ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွယ်၍ ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံကျော်ရှိလာမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းတွက်ချက်မှုတစ်ရပ်က ဖော်ပြထားသည်။

ဂျပန်ဖွံ့ဖြိုးရေးဘဏ်ကလည်း မတ်လ၊ မေလနှင့် ဧပြီလတို့အတွက် ဆုံးရှုံးမှုပမာဏ ခန့်မှန်းချက်တစ်ရပ်ကို ထုတ်ပြန်ထားသည်။ ပြည်တွင်း၌ ကျင်းပမည့်ပွဲတော် ၁၁၁၆ ခုကို ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကျော် ဆုံးရှုံးမှုဖြစ်ပေါ်မည်ဟုလည်း ဂျပန်ဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းတွက်ချက်ထားသည်။

တိုက်ရိုက်ထုတ်လွှင့်ပြသသည့် တေးဂီတနှင့် ဇာတ်သဘင်ပွဲ ၁၂၇၀၅ ခုနှင့် ဆက်နွယ်မှုရှိသည့် ဆုံးရှုံးမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ ဘီလီယံခန့်ဆုံးရှုံးမှုဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပြီး ပရော်ဖက်ရှင်နယ်ဘေ့စ်ဘောပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် အခြားသောအားကစားများနှင့် ဆက်နွယ်သည့်ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဆုံးရှုံးမှု ဖြစ်ပေါ်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

နိုင်ငံတကာကွန်ဖရင့်များနှင့် ပြပွဲပြိုင်ပွဲများ ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆုံးရှုံးမှုများပါဝင်မည်ဆိုပါက စုစုပေါင်းဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၂ ဘီလီယံရှိမည်ဖြစ်ကြောင်း ဂျပန်ဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းတွက်ချက်ထားသည်။

ဂျပန်နိုင်ငံ၏ အခမ်းအနားအများအပြားကို များသောအားဖြင့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကျင်းပမြဲဖြစ်ပြီး အခမ်းအနား အများအပြား ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းဖြစ်ပေါ်ပါက အခမ်းအနားများနှင့် ဆက်နွယ်မှုရှိသည့် ဆုံးရှုံးမှုသည် ပိုမိုများပြားလာလိမ့်မည်ဖြစ်ကြောင်း ဂျပန်ဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

## ဘင်္ဂလားဒေ့ရှ်ဝန်ကြီးတစ်ဦး၏ဇနီး ကိုဗစ်-၁၉ ရောဂါကြောင့် ကွယ်လွန်

**ဒါကာ ဇွန် ၂၉**

ဘင်္ဂလားဒေ့ရှ် လွတ်မြောက်ရေးစစ်ပွဲဆိုင်ရာဝန်ကြီး အေကေအမ်မိုဇမ်မဲလ်ဟာကွီး၏ ဇနီး လေလာအာဂျူမန်ဘာနုမှာ ယနေ့နံနက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

အသက် ၇၁ နှစ်အရွယ် အာဂျူမန်ဘာနုမှာ ဒါကာမြို့တော်ရှိ တပ်မတော်ဆေးရုံတစ်ခု၌ ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။ ဝန်ကြီး ဟာကွီးနှင့် ဇနီး အာဂျူမန်ဘာနုတို့မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် ဇွန် ၁၃ ရက်တွင် ဆေးရုံသို့တင်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီး ဟာကွီးမှာ ရောဂါသက်သာလာပြီးနောက် နေအိမ်သို့ပြန်ခဲ့သော်လည်း ဇနီးဖြစ်သူ အခြေအနေဆိုးရွားလာခြင်းကြောင့် ဆေးရုံ၌ ဆေးကုသမှုများ ဆက်လက်ခံယူခဲ့သည်။

အာဂျူမန်ဘာနု၏ ဈာပနအခမ်းအနားကို ဂါဇီပူမြို့တော်ကော်ပိုရေးရှင်း၏ သင်္ချိုင်းအနီး ကွင်းပြင်တစ်ခု၌ ကျင်းပမည်ဖြစ်သည်။

**ကိုးကား-သည်ဒေးလီးစတား**

**ဘာသာပြန်-ကျော်ထိုက်စိုး**

## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄၅၉ ဦး စံချိန်တင်တွေ့ရှိပြီး ၃၈၀ သေဆုံး

**နယူးဒေလီ ဇွန် ၂၉**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄၅၉ ဦး စံချိန်တင်တွေ့ရှိခဲ့ရာ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ အထိ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၄၈၃၁၈ ဦး ရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း လူ ၃၈၀ ထပ်မံသေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံတစ်ဝန်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၄၇၅ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ ကျော် ရှိလာခဲ့သည်မှာ ခြောက်ရက်ဆက်တိုက် ရှိလာခဲ့သလို ဇွန် ၁ ရက်မှစ၍ ယနေ့အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၅၇၇၈၃ ဦး ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ အရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက် ခံရသူ စုစုပေါင်း၏ ၅၈ ဒသမ ၆၇ ရာခိုင်နှုန်းခန့်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများတွင် နိုင်ငံခြားသားများလည်း ပါဝင်ကြောင်း သိရသည်။**ကိုးကား-ပီတီအိုင်**

**ဘာသာပြန်-ဂျေတီ**





# အစ္စရေးက ပါလက်စတိုင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိဟုဆို

**ဂျေရုဆလင် ဇွန် ၂၉**

အစ္စရေးနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဆောင်ရွက်သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်၏ အခြေခံအကြောင်းရင်းများအပေါ် မူတည်၍ ပါလက်စတိုင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇွန် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးဆိုင်ရာ ခရစ်ယာန်အဖွဲ့အစည်းက ကြီးမှူးကျင်းပသော ကွန်ဖရင့်တစ်ခုသို့ပြောကြားသည့် မိန့်ခွန်းတစ်ရပ်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံ၏ ပိုင်နက်အနောက်ဘက်ကမ်း၏ တစ်စိတ်တစ်ဒေသကို တိုက်ခိုက်သိမ်းပိုက်ရေးလုပ်ဆောင်မည့်ရက်မတိုင်မီ နှစ်ရက်အလိုတွင် အမေရိကန်သမ္မတ ထရမ့်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံယုံကြည်ရန်လည်း နေတန်ယာဟုက ပါလက်စတိုင်းအား တောင်းဆိုခဲ့သည်။

နေတန်ယာဟုသည် ဇူလိုင် ၁ ရက်တွင် ဂျော်ဒန်မြစ်ဝှမ်းဒေသကို တိုက်ခိုက်သိမ်းပိုက်ရန်စီစဉ်ထားပြီး ယင်းဒေသသည် အနောက်ဘက်ကမ်းဒေသ၏ ၃၀ ရာခိုင်နှုန်းအကျယ်အဝန်းရှိကြောင်းသိရသည်။ ပါလက်စတိုင်းနှင့် နိုင်ငံတကာအသိုက်အဝန်းကမူ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းနှင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်ခြင်းဖြစ်သည့်အတွက် အစ္စရေး၏အစီအစဉ်အပေါ် ပြစ်တင်ပြောကြားထားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

# ပျောက်ဆုံးနေသော ဖိလစ်ပိုင်ငါးဖမ်းသင်္ဘောမှ သင်္ဘောအမှုထမ်းများနှင့် ခရီးသည်များကို ရှာဖွေရေးပြန်လည်စတင်

**မနီလာ ဇွန် ၂၉**

ဖိလစ်ပိုင်နိုင်ငံ အိုဆီဒန်တယ်မင်ဒိုရိုပြည်နယ် ကမ်းရိုးတန်းအနီးတွင် ဇွန်၂၈ ရက်က ဖြစ်ပွားခဲ့သော ငါးဖမ်းသင်္ဘောနှင့် ကုန်တင်သင်္ဘောတိုက်မိမှုတွင် ပါဝင်သော ဖိလစ်ပိုင်တံငါသည် ၁၄ ဦးနှင့် ခရီးသည်များကို ရှာဖွေနေကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ယနေ့ ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကင်းလှည့်မော်တော်တစ်စင်းနှင့်အတူ လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းကိုပါ တာဝန်ထမ်းဆောင်စေပြီး ယနေ့နံနက် ၇ နာရီခွဲမှစတင်ပြီး ရှာဖွေနေကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ ဘက်စုံသုံးရေယာဉ်ကိုလည်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန် ထပ်မံတာဝန်ပေးသွားမည်ဟု သိရသည်။

ဟောင်ကောင်အခြေစိုက် MV Vienna Wood သင်္ဘောနှင့် ငါးဖမ်းသင်္ဘော FV Liberty တို့သည် ယမန်နေ့အစောပိုင်းက အိုဆီဒန်တယ်မင်ဒိုရိုပြည်နယ် ကမ်းရိုးတန်းမှ ၂၇ ကီလိုမီတာ ကွာဝေးသောနေရာတွင် တိုက်မိခဲ့ကြသည်။

အဆိုပါသင်္ဘောတိုက်မှုတွင် ငါးဖမ်းသင်္ဘောမှ ရေယာဉ်မှူး၊ သင်္ဘောသား ၁၂ ဦးနှင့် ခရီးသည် နှစ်ဦးပျောက်ဆုံးခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ယမန်နေ့က ချက်ချင်းဆောင်ရွက်ခဲ့သော်လည်း ထိုနေ့ညပိုင်းတွင် ရပ်နားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဇန်ပေးပြည်နယ် ဆူပစ်ကမ်းခြေမှ ဩစတြေးလျနိုင်ငံသို့ မောင်းနှင်လာသော သင်္ဘောသည် မနီလာမြို့ရှိ ငါးဖမ်းဆိပ်ကမ်းသို့ မောင်းနှင်လာသော ငါးဖမ်းသင်္ဘောနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ




ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။




# ထိုင်းနိုင်ငံက ညပွဲလမ်းသဘင်ဆိုင်ရာ ကန့်သတ်ချက်ဖြေလျှော့ပြီး နိုင်ငံခြားသားတချို့ ဝင်ခွင့်ပြု

**ဗန်ကောက် ဇွန် ၂၉**

ထိုင်းနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် ကန့်သတ်ထားသည့် ညပွဲလမ်းသဘင်ကို တချို့သော ကန့်သတ်ချက်များနှင့်အတူ ယခုသီတင်းပတ်အတွင်း ပြန်စမည်ဖြစ်ကြောင်း ထိုင်းအစိုးရက ယနေ့ ကြေညာသည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၁၆၉ ဦးရှိပြီး ၎င်းတို့အနက် ၅၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကို ယခုနှစ် ဇန်နဝါရီလလယ်ပိုင်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တရုတ်၏ နိုင်ငံပြင်ပတွင် ကိုဗစ်–၁၉ ရောဂါ ပထမဆုံးကူးစက်ပျံ့နှံ့သည့် နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါကြောင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအပေါ် အမှီသဟဲပြု၍ စီးပွားရှာနေရသူများ ထိခိုက်သွားသလို ညပွဲလမ်းသဘင်ပိတ်ပင်မှုကြောင့် အဖျော်ယမကာဆိုင်များ၊ အနှိပ်ခန်းများနှင့် ကာရာအိုကေခန်းများရှိ တရားဝင်မဟုတ်သော ထိုင်းအလုပ်သမားများကိုလည်း အလုပ်လက်မဲ့ဖြစ်စေခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ထိုင်းဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာက ထိုင်းနိုင်ငံ၌ တစ်လကျော်ကြာ ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသည့်အတွက် အန္တရာယ်အများဆုံး စီးပွားရေးလုပ်ငန်းများကို ဇူလိုင် ၁ ရက်မှစ၍ ပြန်ဖွင့်ခွင့်ပေးတော့မည်ဟု ပြောကြား သည်။ “ကျွန်တော်တို့ ဂရုစိုက်ဖို့ အရေးကြီးဆုံးကတော့ ဝင်ငွေမရှိတဲ့မိသားစုတွေပါ။ ဒုတိယအချက်ကတော့ ကိုဗစ်–၁၉ ရောဂါ ကိုင်တွယ်ဖို့ ကျွန်တော်တို့ရဲ့ ကျန်းမာရေးစနစ်ဟာလည်း အဆင်သင့်ရှိတယ်လို့ ယုံကြည်စိတ်ချရပါတယ်” ဟု ၎င်းက ထပ်မံပြောကြားသည်။

ဇူလိုင် ၁ ရက်မှစ၍ အဖျော်ယမကာဆိုင်များ၊ ကလပ်များနှင့် ကာရာအိုကေခန်းမများကို ပြန်ဖွင့်မည်ဖြစ်သော်လည်း ပိုင်ရှင်များအနေဖြင့် ဆိုင်ပိတ်ချိန်နှင့် ခပ်ခွာခွာနေခြင်း အပါအဝင် အစိုးရက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း ကိုဗစ်–၁၉ ရောဂါ စီမံခန့်ခွဲရေးဆိုင်ရာ ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ တာဝီဆင် ဗီဆာနူယိုသင်က ပြောကြားသည်။

ထို့အတူ အနှိပ်ခန်းများနှင့် လက်ဖက်ရည်ဆိုင်များအနေဖြင့် အစိုးရ၏ ရောဂါစမ်းသပ်စစ်ဆေးရေး အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ဈေးဝယ်ယူသူများကို မှတ်ပုံတင်ရမည်ဖြစ်သလို ဝန်ထမ်းများကိုလည်း ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ တစ်ချိန်ပြီးတစ်ချိန် စမ်းသပ်စစ်ဆေးရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် ထိုင်းအစိုးရသည် တရားဝင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ရှိသူ သို့မဟုတ် ထိုင်းနိုင်ငံသား/သူ၏ ဇနီး/ခင်ပွန်းနှင့် မိသားစုများနှင့် ဆေးဝါးကုသမှုခံယူရန်အတွက် နိုင်ငံအတွင်း ဝင်ရောက်ရန်ရည်ရွယ်သူများအပေါ် တားမြစ်ကန့်သတ်မှုကိုလည်း ဖြေလျှော့သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဟောင်ကောင်အပါအဝင် တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အစိုးရက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ဝင်ခွင့်ပေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

# အီဂျစ်ဆေးရုံ၌ မီးလောင်မှုဖြစ်ပွား၊ လူနာ ခုနစ်ဦးသေဆုံးပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်း ခုနစ်ဦး ဒဏ်ရာရရှိ

**ကိုင်ရို ဇွန် ၂၉**



အီဂျစ်နိုင်ငံမြောက်ဘက် ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် အလက်ဇန်ဒရီးယားမြို့ရှိ ပုဂ္ဂလိကပိုင်ဆေးရုံတစ်ရုံ၌ ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနာခုနစ်ဦးသေဆုံးပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်း ခုနစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ဆေးရုံ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များသည် အဆိုပါ မီးလောင်မှုကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုသည် လျှပ်စစ်ပတ်လမ်း ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းရင်းမြစ်က ဖော်ပြထားသည်။

မီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးများကြောင့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာခုနစ်ဦးသည် အသက်ရှူကျပ်ပြီး သေဆုံးခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများသည် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ ဆေးရုံရှိ ကျန်လူနာများကို အခြားဆေးရုံများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၂၉၂၂၉၂ ဦး |
| သေဆုံးသူ | ၅၀၅၄၅၅ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၅၅၈၆၁၂၇ ဦး |

# ပြည်ဝင်ခွင့်အကန့်အသတ်များ ဖြေလျှော့ရန် ဥရောပသမဂ္ဂလုပ်ဆောင်

**ဘရပ်ဆဲလ် ဇွန် ၂၉**
ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ခရီးသွားဧည့်သည်များအပေါ် ပြည်ဝင်ခွင့်အကန့်အသတ်များအား ဇူလိုင် ၁ ရက်မှစတင်ဖြေလျှော့ပေးရန် ဥရောပသမဂ္ဂ(အီးယူ)က ဦးတည်လုပ်ဆောင်နေကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားမှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မတ်လမှစတင်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများပြင်ပမှ ခရီးသွားများအား ပြည်ဝင်ခွင့်ကို မူအားဖြင့် ပိတ်ပင်ထားခဲ့သည်။

သို့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက နွေရာသီခရီးသွားရာသီမတိုင်မီ ပြည်ဝင်ခွင့်ဖြေလျှော့မှုများအား အဆင့်လိုက်ဆောင်ရွက်သွားကြရန် ရည်မှန်းထားကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်များသည် ဇွန် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးမှုများအရ ဂျပန်အပါအဝင် တရုတ်နှင့် တောင်ကိုရီးယားအစရှိသည့် နိုင်ငံများမှ ခရီးသွားများအား ပထမအဆင့် ဖြေလျှော့မှုတွင် ထည့်သွင်းသွားဖွယ်ရှိကြောင်း သံတမန်သတင်းရင်းမြစ်များက ပြောကြားသည်။

အဆိုပါနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအား ဆက်လက်ထိန်းချုပ်ထားနိုင်မှုအပေါ် မူတည်ပြီး ဖြေလျှော့မှုများပြုလုပ်မည်ဖြစ်ကာ အပြန်အလှန်အနေဖြင့် အဆိုပါနိုင်ငံများဘက်မှလည်း ခရီးသွားလာမှုများ ဖြေလျှော့ပေးရန် ဥရောပသမဂ္ဂကလည်း မျှော်လင့်လျက်ရှိသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ကာ နိုင်ငံအချို့အား ပြည်ဝင်ခွင့်ပိတ်ပင်သည့် စာရင်းမှ အစမ်းသဘောဖယ်ရှားဖွယ်ရှိသည်။

သို့သော် ရောဂါပိုးကူးစက်မှုများ အများအပြား ဆက်လက်ဖြစ်ပေါ်နေသည့် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အား ပြည်ဝင်ခွင့်ဖြေလျှော့ပေးမည့်စာရင်းမှ ဖယ်ထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**



# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ ၅၀၀၀၀၀ ကျော်ရှိ

**နယူးယောက် ဇွန် ၂၉**
ကမ္ဘာတစ်ဝန်းတွင် ကပ်ရောဂါအဖြစ် ကူးစက်ပျံ့နှံ့ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူဦးရေပေါင်းမှာ ဇွန် ၂၉ ရက်တွင် ၅၀၅၄၅၅ ဦးထိ တိုးမြင့်ရောက်ရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုမှ ဂျွန်ဟော့ကင်း တက္ကသိုလ် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာပညာဗဟိုဌာန (စီအက်စ်အက်စ်အီး)မှ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသုတေသနဌာန၏ ထုတ်ပြန်ချက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေသည် ၁၀၂၉၂၂၉၂ ဦးရှိသည်ဟု ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ပြည်ထောင်စုသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၆၃၈၄၅၂ ဦးနှင့် ယင်းရောဂါဖြင့် သေဆုံးသူဦးရေ ၁၂၈၄၆၀ ဦး ရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူဦးရေ နှစ်သောင်းကျော်ရှိသည့် နိုင်ငံများတွင် ဘရာဇီး၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ်၊ စပိန်နှင့် မက္ကဆီကိုနိုင်ငံများပါဝင်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲရာထူးနေရာ ဝင်ရောက်အရွေးခံတော့မည်မဟုတ်ဟု ဥရောပကုန်သွယ်ရေးသမဂ္ဂအကြီးအကဲ ပြောကြား

**ဘရပ်ဆဲလ် ဇွန် ၂၉**
ဥရောပကုန်သွယ်ရေးသမဂ္ဂ၏ အကြီးအကဲ ဖီဟိုဂန်က မိမိအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲရာထူးကို ဝင်ရောက်အရွေးခံတော့မည်မဟုတ်ကြောင်း ယနေ့တွင် ပြောကြားလိုက်သည်။

"ကျွန်တော့်အနေနဲ့ ဒီရာထူးကို ဝင်အရွေးခံတော့မှာ မဟုတ်ပါဘူး။ ဒီကိစ္စကို ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယန်ကို အသိပေးပြီးပြီဖြစ်တဲ့အတွက် မူလတာဝန်ဖြစ်တဲ့ ဥရောပကုန်သွယ်ရေးသမဂ္ဂ အကြီးအကဲတာဝန်ကို ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့လက်ရှိအကြီးအကဲ ရောဘာတိုအဇီဘီတိုက ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း သြဂုတ် ၃၁ ရက်က ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲရာထူးကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ လက်ထောက်အကြီးအကဲဟောင်း ဂျီးဆက်ဇေတီကူရီ၊ နိုင်ဂျီးရီးယားဘဏ္ဍာရေးဝန်ကြီးဟောင်း ငိုဇီအွန်ဂိုအိုင်ဝါလာ၊ အီဂျစ်သံတမန်ဟောင်း ဟာမစ်မန်တူ၊ မော်ဒိုဗီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း တူဒါယူယန်ချီနှင့် တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီး ယွန်မြောင်ဟီတို့ ဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံရှိ လေဆိပ်များပြန်လည်ဖွင့်လှစ်ရေးဆိုင်းငံ့ထားမည်ဟု တာဝန်ရှိသူများ ပြောကြား

**ကိုလံဘို ဇွန် ၂၉**
ပြည်ပရှိနိုင်ငံသားများအား သီရိလင်္ကာသို့ပြန်လည်ခေါ်ဆောင်ပြီးသည့် အချိန်အထိ နိုင်ငံတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များအား ပြန်လည်ဖွင့်လှစ်ရေး ဆိုင်းငံ့ထားရန် သီရိလင်္ကာတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ကြောင်း ဒေသခံမီဒီယာများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတွင်းရှိ လေဆိပ်များကို နိုင်ငံတကာ ခရီးသည်များအတွက် သြဂုတ် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးရန် အစိုးရက ဆုံးဖြတ်ခဲ့သော်လည်း နိုင်ငံရပ်ခြားမှ နိုင်ငံသားများကို ပြန်လည်ခေါ်ယူပြီးမှသာ လေဆိပ်ဖွင့်လှစ်ရေးကို ဆောင်ရွက်သွားမည်ဟု လေဆိပ်နှင့် လေကြောင်းလုပ်ငန်းဌာနမှ အကြီးအကဲ ဗိုလ်ချုပ် G.A Chandrasiri က ပြောကြားသည်။




"ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့ ပြည်ပမှာရှိတဲ့သီရိလင်္ကာနိုင်ငံဆိုင်ရာ အဖွဲ့အစည်းတွေကို ဆက်သွယ်ပြီး နိုင်ငံကို ပြန်လာဖို့ ဆောင်ရွက်နေတဲ့အတွက် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ ပြီးခဲ့သောသီတင်းပတ်အတွင်း နိုင်ငံ ၃၈ နိုင်ငံမှ သီရိလင်္ကာနိုင်ငံသား ၁၁၀၀၀ ကို ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့လှေတိမ်းမှောက်မှုကြောင့် ၁၇ ဦး သေဆုံး

**ဒါကာ ဇွန် ၂၉**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်အနီး မြစ်တစ်စင်းအတွင်း ယနေ့နံနက်ပိုင်းက ခရီးသည်အများအပြားတင်ဆောင်လာသော ကူးတို့လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ လူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မီးသတ်နှင့်ပြည်သူ့ကာကွယ်ရေးဌာနချုပ်မှ အကြီးတန်းအရာရှိ အန်နာယတ်ဟော့စိန်က ပြောကြားလိုက်သည်။

"လက်ရှိမှာ လူ ၁၇ ဦးရဲ့ အလောင်းတွေကို ပြန်ရခဲ့ပြီဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲခန့်တွင် ဒါကာမြို့တော်အနီး ဘူရိဂင်္ဂါမြစ်အတွင်း "Moyur-2" ခေါ် လှေတစ်စင်းက တိုက်မိပြီးနောက် ဒါကာမြို့တော်သို့ ဦးတည်သွားနေသည့် "Morning Bird" ခေါ် အဆိုပါကူးတို့လှေ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ဟော့စိန်၏ ပြောကြားချက်အရ သိရသည်။ တိမ်းမှောက်ခဲ့သောကူးတို့လှေတွင် ခရီးသည် ၁၀၀ ကျော် တင်ဆောင်ခဲ့ပြီး ပျောက်ဆုံးနေသူများအား ရှာဖွေမှုကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကူးတို့လှေမှာ အရေးပါသောသယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုဖြစ်ပြီး ကူးတို့လှေအများစုမှာ ခရီးသည်များ ပြည့်သိပ်နေလေ့ရှိသည်။ မြစ်ချောင်းများစွာရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကူးတို့လှေတိမ်းမှောက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂူတာပြင်ဖြစ်စဉ်အပေါ် စစ်ဆေးဆောင်ရွက်သည့် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်များ အတည်ပြု

**နေပြည်တော် ဇွန် ၂၉**

ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့်စပ်လျဉ်းသည့် စစ်တရားရုံး (Court–Martial)သည် သက်သေစုံလင်စွာဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၃၀ ရက်တွင် စစ်ဆေးမှုများ ပြီးစီးခဲ့ကြောင်း၊ စစ်တရားရုံး(Court–Martial)၏ စစ်ဆေးစီရင်မှုများအား သက်ဆိုင်ရာ အတည်ပြု အာဏာပိုင်၏ ပြစ်ဒဏ်အတည်ပြုချက်ရရှိပါက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မောင်နုကျေးရွာနှင့် ချွတ်ပြင်ကျေးရွာဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး(Court of Inquiry)ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေ ၈ ရက်တွင် သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး(Court–Martial) က အရာရှိကြီးတစ်ဦး၊ အရာရှိတစ်ဦးနှင့် အခြားအဆင့် စစ်သည်တစ်ဦးတို့အပေါ် သက်ဆိုင်ရာစွဲချက်အရ အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို သက်ဆိုင်ရာအတည်ပြု အာဏာပိုင်က အတည်ပြုပြီးဖြစ်ကြောင်း၊ မောင်နုကျေးရွာနှင့် ချွတ်ပြင်ကျေးရွာဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး(Court of Inquiry)ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

# ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာအနီး AA အကြမ်းဖက်သောင်းကျန်းသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာအနီး AA အကြမ်းဖက် သောင်းကျန်းသူတစ်ဦးအား ဇွန် ၂၈ ရက်တွင် ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျောက်တော်မြို့နယ်ရှိ နယ်မြေခံတပ်နှင့် ကန်စောက်ရဲကင်းစခန်းတို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကန်စောက်ကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေစဉ် ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ကျောက်တော်မှ စစ်တွေသို့ မောင်းနှင်လာသော မသင်္ကာဖွယ်ရာ ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ယာဉ်ဖြစ်နေသောကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား ဆက်လက်စစ်ဆေးရာ ဦးဘိုကျော်သန်း ကိုင်ဆောင်သည့် VIVO အနက်ရောင် ဖုန်းအတွင်းမှ ဖောက်ခွဲရေးမိုင်း ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ၎င်းကိုယ်တိုင် ဖောက်ခွဲရေးရီမုတ်ကိုင်ဆောင်ထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အပေါက်ဝကျေးရွာအနီး ထောင်ထားသည့်မိုင်းနှင့် မိုင်းထောင်ထားသည့်နေရာပြ GPS မြေပုံညွှန်း Screenshot မှတ်တမ်းဓာတ်ပုံများ၊ အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား လက်ထိပ်ခတ်ဖမ်းဆီးထားသည့် မှတ်တမ်းဓာတ်ပုံများအား စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ



**နေပြည်တော် ဇွန် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညပိုင်းက မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်ရှိ စားသောက်ဆိုင်တွင်ထိုင်နေသည့် မအေးငွေ၊ မတင်နှင်းယု(ခ) မိထက်နှင့် ဒွေးဝင်းတို့အား ရှာဖွေရာ ၎င်းတို့ သုံးဦးထံမှ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ နှင့် ငွေကျပ် ၁၃၅၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

မအေးငွေ၊ မတင်နှင်းယု(ခ)မိထက်၊ ဒွေးဝင်းတို့အားဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ချမ်းအေးသာစံမြို့နယ်၌ ယာဉ်သုံးဆင့်တိုက်မှုဖြစ်ပွား ယာဉ်ပေါ်ပါလာသူများ ဒဏ်ရာများရရှိ

**မန္တလေး ဇွန် ၂၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၇၄ လမ်းဆုံတွင် ယမန်နေ့ နံနက်ပိုင်းက ယာဉ်သုံးဆင့်တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါလာသူများ ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၃၅ လမ်းအတိုင်း အရှေ့မှအနောက်သို့ အမျိုးသားတစ်ဦး မောင်းနှင်လာသော ဒိုင်နာယာဉ်နှင့် ၇၄ လမ်းအတိုင်း တောင်မှမြောက်သို့ အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ဆလွန်းအိမ်စီးယာဉ်တို့တိုက်မိရာ ဒိုင်နာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်ထားသည့် သုံးဘီးယာဉ်အား ထပ်မံတိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်မှာ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်မည့် အောင်မြေသာစံမြို့နယ်အုတ်စက်ရပ်ကွက်မှ ပန်းရန်လုပ်သားအမျိုးသား ၁၁ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ဆလွန်းယာဉ်မောင်းသူနှင့်လိုက်ပါသူနှစ်ဦးတို့ ဒဏ်ရာများရရှိပြီး မဟာမြိုင် လူမှုကူညီရေးယာဉ်များဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မန္တလေးယာဉ်ထိန်းရဲစခန်းယာဉ်မှုစစ်ဌာနက အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၆ စီး၊ သွင်းကုန် ၄၁၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၆၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၈၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Budweiser Beer (355 ml) (1x24)–30pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်၌ ၂၂ ဘီးယာဉ်အား ဆီဘောက်ဆာယာဉ်မှ ဝင်တိုက်ယာဉ်နှစ်စီးလုံးမီးလောင်ကာ ယာဉ်မောင်းနှစ်ဦးသေဆုံး

**ရေတာရှည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တောင်ပိုင်း ရန်ကုန်-မန္တလေးကားလမ်းအကွေ့တွင် ယနေ့နံနက် ၅ နာရီ ၁၀ မိနစ်ခန့်က ၂၂ ဘီးယာဉ်အား ဆီဘောက်ဆာယာဉ်က အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး မီးလောင်ကျွမ်းခဲ့ရာ မော်တော်ယာဉ်နှစ်စီး၊ ဈေးဆိုင်ခန်းနှစ်ခန်း၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် ယာဉ်မောင်းနှင်သူနှစ်ဦးလုံး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ သိန်းထွန်းဝင်း (အသက်၊ နေရပ်စုံစမ်းဆဲ)မောင်းနှင်လာသော ဒီဇယ်များတင်ဆောင်လာသည့် ဆီဘောက်ဆာ အဖြူရောင်ယာဉ်သည် မိုင်တိုင် ၂၀၁/၁ နှင့် ၂ အကြား တံတားအကွေ့၌ မျက်နှာချင်းဆိုင်ဘက်မှ (စုံစမ်းဆဲ) မောင်းနှင်လာသော ၂၂ ဘီးယာဉ်၏ ဝဲဘက်ခြမ်းကို ဝင်တိုက်မိခဲ့ပြီး ယာဉ်နှစ်စီးနှင့် ယာဉ်မောင်းနှစ်ဦးပါ မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်နေသည့်အချိန် ဘောက်ဆာယာဉ်မှ ဆီလျှောင်ကန်ပေါက်ကွဲကာ ဒီဇယ်ဆီများ ဖိတ်စဉ်မှုကြောင့် ကားလမ်းအနောက်ဘက်ဘေးရှိ ဈေးဆိုင်နှစ်ဆိုင်၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကိုပါ မီးထပ်မံကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုအား ရေနီနယ်မြေရဲစခန်းမှူး ရဲအုပ်နေလင်းထွန်း ဦးစီးအဖွဲ့၊ တောင်ငူခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနီနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**






# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းနှင်သောယာဉ်များအား အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် ညနေပိုင်းမှ ဇွန် ၂၈ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ရန်ကုန်-မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းနှင်သော မော်တော်ယာဉ် တစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၁၀ စီး၊ နေပြည်တော်တိုးဂိတ်၌ မော်တော်ယာဉ် ၁၃ စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ်ကိုးစီး စုစုပေါင်း ၃၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၁၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု

စုစုပေါင်း (၁၂၂၉) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case- 182, 200, 201) ရှိသဖြင့် စုစုပေါင်း (၂၂၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၁၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၅) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၈) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၂၂၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၈-၆-၂၀၂၀)ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ-
  COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၉-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၈-၆-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၄၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၇၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)(PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၆၇) ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၇၆၇) ခုအား စစ်ဆေးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၈၅)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သွားရောက်ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နောင်ဟီး IDP စခန်းနှင့် မံစီမြို့နယ်ရှိ မံပိန်းကြီးကက်သလစ်နှင့် မံပိန်းကြီးနှစ်ခြင်း စုစုပေါင်း IDP စခန်းသုံးခုသို့ သွားရောက်၍ လက်ဆေးစင် ၁၀ ခု၊ ဗီနိုင်းနှစ်ချပ်၊ အပူချိန်တိုင်းကိရိယာလေးခု၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁၆၆၈ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခု၊ လက်ကိုင်စပီကာ နှစ်ခု၊ အဝတ်နှာခေါင်းစည်း ၈၇၂၄ ခု၊ လက်သန့်ဆေးရည် ၁၆၆၈ ဘူး၊ ထုံးအိတ် ၂၀၊ ဆပ်ပြာ ၆၄၁၄ ခဲတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

**IDP စခန်းသုံးခု**

ထို့အတူ ယမန်နေ့ကလည်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒါးပိုင်၊ အုန်းတောကြီး (မြောက်)နှင့် အုန်းတောကြီး(တောင်) စုစုပေါင်း IDP စခန်းသုံးခုသို့ သွားရောက်၍ ဆပ်ပြာ ၃၅၀၂၈ တောင့်အား သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၅-၆-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| 1. | VAN PHONG BO NGOAI GIAO WITH UOB S'PORE BANK | ၄၉၉၁၈.၂၁ |
| 2. | HONG KONG MYANMAR MANUFACTURERS ASSO; LIMITED HONG KONG | ၁၀၇၃၃.၁၁ |
| 3. | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ရန်ကုန်) | ၁၀၇၀၀.၀၀ |
| 4. | ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး | ၈၉၀၀.၁၈ |
| 5. | BTMU (MUFG) BANK | ၃၃၅၃.၇၀ |
| 6. | KARISMA APPAREL(MYANMAR)CO.,LTD on behalf of LAWSGROUP HONG KONG | ၁၅၀၀.၀၀ |
| 7. | KRUNG THAI BANK PCL (YANGON REPRESENTATIVE OFFICE) | ၁၀၀၀.၀၀ |
| | စုစုပေါင်း | ၈၆၁၀၅.၂၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

Coronavirus Disease 2019(COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

# တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းသို့ စားနပ်ရိက္ခာများ လှူဒါန်း

**တောင်ကြီး ဇွန် ၂၉**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံပြည်သူများ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များအား တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းသို့ လှူဒါန်းလျက်ရှိသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေနှင့် ဦးနေမျိုး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်ရှိ အောင်မြေဘုံစံဘုန်းတော်ကြီးကျောင်းမှ ဆရာတော်၊ သံဃာတော်များ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်ကာလ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကိုလည်းကောင်း၊ ချမ်းသာရပ်ကွက်ရှိ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။




ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် စဝ်စံထွန်းရပ်ကွက်ရှိ မူလမင်းကွန်းကျောင်း၊ ကန်အောက်ရပ်ကွက်ရှိ မင်းကျောင်းဘုန်းကြီးကျောင်းနှင့် သစ်တောရပ်ကွက်ရှိ မဟာပုဗ္ဗာရုံ ကံဦးပရိယတ္တိစာသင်တိုက်တို့သို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ရေအေးကွင်းရပ်ကွက်ရှိ ဒေါ်ကြီးဒေါ်ငယ်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသို့ ဆက်လက်သွားရောက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၃၀ တို့အား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ၊ ဗီတာမင်စီအချိုရည်ဘူးများနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထောက်အကူပြုစေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက အဆိုပါကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုင်းခတ်မြို့နယ်၌ အခြေခံလူတန်းစားများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**မိုင်းခတ် ဇွန် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက ဝမ်မိုင်ရှမ်း နှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်း ငွေရတုခန်းမ၌ ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ တောင်ကြီးမြို့မှ အခြေခံလူတန်းစားများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာသို့ ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် မိုင်းခတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိုင်းခတ်မြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၄၄ စုအား တစ်အိမ်ထောင်စုလျှင် ဆန် (၃)ပြည်နှင့် ကြက်ဥ (၁၀)လုံး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် သရဖူစိုးမြင့်ကုမ္ပဏီများ အုပ်စုက ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် SHUN TIAN Highway and Investment Co.,Ltd. တို့က ငွေကျပ် ငါးသိန်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ယနေ့နံနက်ပိုင်းက လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**လှူဒါန်း**

အဆိုပါလှူဒါန်းမှုတွင် သရဖူစိုးမြင့်ကုမ္ပဏီများအုပ်စုက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၃၀၀၀၊ လက်သန့်ဆေးရည်ဘူး ၆၀၀၊ N–95 နှာခေါင်းစည်း အခု ၅၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀ တို့နှင့်အတူ ဆန်အိတ် ၆၀၀ နှင့် ဆီဘူး ၆၀၀ တို့ကို လာရောက်လှူဒါန်းခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် အလှူရှင်၊ ရဟန်းရှင်လူပြည်သူများနှင့် ကုမ္ပဏီများ၊ လူမှုအသင်းအဖွဲ့များက အလှူငွေများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆား အစရှိသည့် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

**ကိုရိုနာဗိုင်းရပ်စ် (COVID– 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၄၉၇၈ | ၂၉၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၂၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၉၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၁၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၈ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၆၃၇၄၃၉ | ၁၀၉၃၆၁၂ | ၁၂၈၄၄၃ |
| ဘရာဇီး | ၁၃၄၅၄၇၀ | ၇၃၃၈၄၈ | ၅၇၆၅၉ |
| ရုရှား | ၆၄၁၁၅၆ | ၄၀၃၄၃၀ | ၉၁၆၆ |
| အိန္ဒိယ | ၅၅၀၃၉၅ | ၃၂၂၆၉၉ | ၁၆၅၀၆ |
| ဗြိတိန် | ၃၁၁၁၅၁ | စိစစ်ဆဲ | ၄၃၅၅၀ |
| စပိန် | ၂၉၅၈၅၀ | စိစစ်ဆဲ | ၂၈၃၄၃ |
| ပီရူး | ၂၇၉၄၁၉ | ၁၆၇၉၉၈ | ၉၃၁၇ |
| ချီလီ | ၂၇၁၉၈၂ | ၂၃၂၂၁၀ | ၅၅၀၉ |
| အီတလီ | ၂၄၀၃၁၀ | ၁၈၈၈၉၁ | ၃၄၇၃၈ |
| အီရန် | ၂၂၅၂၀၅ | ၁၈၆၁၈၀ | ၁၀၆၇၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၀၉၂ | ၂၃၈၀၀ | ၂၈၀၅ |
| စင်ကာပူ | ၄၃၆၆၁ | ၃၇၅၀၈ | ၂၆ |
| ဖိလစ်ပိုင် | ၃၆၄၃၈ | ၉၉၅၆ | ၁၂၅၅ |
| မလေးရှား | ၈၆၃၇ | ၈၃၃၄ | ၁၂၁ |
| ထိုင်း | ၃၁၆၉ | ၃၀၅၃ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၀ | ၀ |
| မြန်မာ | ၂၉၉ | ၂၂၁ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၀ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၈ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၂၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၈ ဦး မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၅၅၁ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည် ဝင်ရောက်သူများဖြစ်ပြီး ၅၇ ဦးသည် ထိုင်းနိုင်ငံလူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူထုလုံခြုံရေး ဝန်ကြီးဌာနလက်အောက်ရှိ ဂေဟာ၌ လက်ခံ စောင့်ရှောက်ထားသည့် အကြောင်းအမျိုးမျိုးကြောင့် လူကုန်ကူးခံရသူများဖြစ်ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁ ၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၇ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက် တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၅၇ ဦး၊ ဇွန် ၂၁ ရက်တွင် ၆၄၂ ဦး၊ ဇွန် ၂၂ ရက် တွင် ၈၄၈ ဦး၊ ဇွန် ၂၃ ရက်တွင် ၅၂၇ ဦး၊ ဇွန် ၂၄ ရက်တွင် ၅၉၇ ဦး၊ ဇွန် ၂၅ ရက်တွင် ၃၉၈ ဦး၊ ဇွန် ၂၆ ရက်တွင် ၅၅၅ ဦး၊ ဇွန် ၂၇ ရက်တွင် ၆၃၄ ဦး၊ ဇွန် ၂၈ ရက်တွင် ၃၆၆ ဦး၊ ယနေ့တွင် ၆၀၈ ဦး စုစုပေါင်း ၃၆၅၅၃ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှအမျိုးသား ၃၈၀၊ အမျိုးသမီး ၂၂၈ ဦး စုစုပေါင်း ၆၀၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကွမ်းခြံကုန်း ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုလျော့ပါးသွားသော်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၇ ရက် နံနက် ၈ နာရီက "ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းများကို အများပြည်သူသွားလာရာနေရာများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### အခမဲ့ဖြန့်ဝေ

ထိုသို့ဆောင်ရွက်ရာတွင် ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရင်ရှိန်နှင့် ဝန်ထမ်းများက "ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး" အသိပညာပေးဆိုင်းဘုတ်များကို ဈေးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်း၊ လက်ခုတ်ကုန်းသွားလမ်းဆုံ၊ အထက(၂)ရှေ့၊ အများပြည်သူသွားလာသော မြို့မဈေးနှင့် စက်လှေဆိပ်တို့တွင် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူကာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နန်းဆွေနွယ်ဦး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ Call Center အချိန်ပြောင်းလဲ ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(အစား) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်



**မြဝတီ ဇွန် ၂၉**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့သော စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား BCF ဇုန် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် တာဝန်ရှိသူများက စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မြဝတီမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့သော အသင်းအဖွဲ့ ၁၅ ဖွဲ့ရှိပြီး စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်သူ ၂၁၈ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် အနည်းဆုံး အောက်ပါအချက်(၄)ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ-

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ)မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# နမ္မတူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**နမ္မတူ ဇွန် ၂၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကောင်းဟုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၁၀ နာရီက လည်းကောင်း၊ ပန်လောက်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ယနေ့နံနက် ၁၁ နာရီခွဲက လည်းကောင်း ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်တာဝန်ရှိသူများ၊ မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်နှင့် ဆက်စပ်လူမှုရေးအသင်းအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ပြီး လက်သန့်ဆေးရည် အသုံးပြုကာ လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း အခု ၁၀၀၊ လက်ဆေးဆပ်ပြာခဲ ၁၀၀၊ ဆပ်ပြာမှုန့် အထုပ် ၁၀၀၊ အသိပညာပေး လက်ကမ်းစာစောင် ၁၀၀ တို့ကို အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေး ပိုစတာများ ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများဖြန့်ဝေ

**တာချီလိတ် ဇွန် ၂၉**

တာချီလိတ်မြို့ စည်ပင်သာယာရေးဌာနနှင့် ဆန်ဆိုင်းဈေးပိုင်ရှင်တို့ ပူးပေါင်းပြီး ဈေးအတွင်း ကိုဗစ်-၁၉ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



**ရှင်းလင်းပြောကြား**

နှာခေါင်းစည်းများ ဝတ်ဆင်လာခြင်းမရှိသော ဈေးဝယ်များနှင့် ဈေးသည်များကို အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာရန်အချက်များနှင့် စည်ပင်သာယာရေးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို နားလည်သဘောပေါက်စေရန်အတွက် ရှင်းလင်းပြောကြားပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ယာဆေး(ပြန်/ဆက်)**

**○ ကျောဖုံးမှ**

မြန်မာနိုင်ငံသား စုစုပေါင်း ၁၈၀ တို့အား အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကိုရီးယားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**ဆောင်ရွက်**

အဆိုပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား ဦးရေ စုစုပေါင်း ၆၁၂၈ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း မင်းလှမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇွန် ၂၈ ရက် ညနေ ၃ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မင်းလှမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့ အမှတ်(၆)ရပ်ကွက် ဘုတာလမ်းဆင်းတွင် တည်ဆောက်လျက်ရှိသည့် မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်နေသည့် Beyond Way Company Limited တာဝန်ရှိသူက ရှင်းလင်းပြသသည်။

ထို့နောက် မင်းလှမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် အုတ်စီရေမြောင်းတူးဖော်ခြင်း၊ ပလက်ဖောင်းပြုလုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ မြို့ပတ်လမ်းများအတွင်း အဆင့်မြှင့်လျှပ်စစ်မီးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများ၊ ဈေးသူဈေးသားများ၏ သဘောထားကိုခံယူ၍ တည်ဆောက်မည့် မြို့မမြောက်ဘက်ဈေးအား RC နှစ်ထပ်ဈေးအဖြစ်တည်ဆောက်ရန် လျာထားမှုအခြေအနေများနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးတို့က ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့တွင် လက်ရှိရောင်းချနေသော မြို့မမြောက်ဘက်ဈေးဟောင်းအတွင်းရှိ ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# တီးတိန်မြို့နယ်ရှိ ရှာလ်လုမ်းခံတပ်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခရီးသွားဧည့်သည်များတိုးပွားမှုရှိလာစေရေး ကြည့်ရှု

**ဟားခါး ဇွန် ၂၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဝေ့လာစ်ကျေးရွာအနီးတွင်ရှိသည့် သမိုင်းဝင် ရှာလ်လုမ်း ခံတပ် ရေရှည်တည်တံ့ခိုင်မြဲရေး



ပြုပြင်ထိန်းသိမ်းရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ရန်နှင့် ခရီးသွားဧည့်သည်များလာရောက်နိုင်စေရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဇွန်၂၇ရက်က ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်လူမှုရေးဝန်ကြီးသည် သမိုင်းဝင်ရှာလ်လုမ်းခံတပ်တွင်ရှိသည့် နယ်ချဲ့တော်လှန်ရေးကာလက ကျဆုံးခဲ့ကြသော ချင်းတိုင်းရင်းသား တော်လှန်ရေးခေါင်းဆောင်များနှင့် တော်လှန်ရေးရဲဘော်များ၏ အုတ်ဂူများတွင် ကြေးကမ္ပည်းများရေးထိုး မှတ်တမ်းထားရှိနိုင်ရေး၊ ခံတပ်အတွင်းရှိ ကျောက်လိုဏ်ဂူများနှင့် ရှာလ်လုမ်းခံတပ်သို့ သွားရောက်သည့်လမ်းကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ရန်ကိစ္စများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

"မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့တော်လှန်ရေးသမိုင်းမှာ မင်းလှခံတပ်ပြီးရင် ရှာလ်လုမ်းခံတပ်ဟာ ဒုတိယအထင်ရှားဆုံးခံတပ်ဖြစ်ပါတယ်။ တီးတိန်မြို့နယ် ဝေ့လာစ်ကျေးရွာကနေ တစ်မိုင်ခွဲလောက်ပဲဝေးပါတယ်။ ဒီခံတပ်မှာ တစ်ချိန်တုန်းက နယ်ချဲ့ကို ရဲရဲဝံ့ဝံ့တိုက် ခိုက်ခဲ့ကြတဲ့ ချင်းတိုင်းရင်းသား တော်လှန်ရေးခေါင်းဆောင်တွေနဲ့ တော်လှန်ရေးရဲဘော်တွေ တိုက်ပွဲဝင်ရင်းအသက်ပေးခဲ့ကြရတာကို ဒီနေ့လူငယ်လေးတွေ သိစေမြင်စေချင်ပါတယ်။ ဒါကြောင့် ရှာလ်လုမ်းခံတပ်ကို လမ်းတွေကောင်းအောင်၊ တော်လှန်ရေးရဲဘော်တွေရဲ့ အုတ်ဂူတွေမှာ ကြေးကမ္ပည်းတွေနဲ့ မှတ်တမ်းတင်နိုင်အောင် ဆောင်ရွက်ဖို့ရှိပါတယ်။ မီဒီယာတွေကနေလည်း လူသိများလာအောင်၊ ခရီးသွားဧည့်သည်တွေလည်းလာနိုင်အောင်၊ ချင်းပြည်နယ်ရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို မှတ်တမ်းတင်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် မိတ်ဆက်ရှင်းလင်း

**တံတားဦး**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် (NCMP) မိတ်ဆက်ရှင်းလင်းပွဲနှင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်တရားရုံးခန်းမ၌ ကျင်းပသည်။

တံတားဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး မြို့နယ်တရားသူကြီး ဒေါ်စန်းစန်းဝင်းက ဇူလိုင် ၁ ရက်တွင် စတင်ကျင်းပမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်၏ အနက်အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်များ၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်သည် အမှုများစစ်ဆေးစီရင်ရာတွင် စံသတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံးက အမှုနှင့်သက်ဆိုင်သူအားလုံးနှင့်အတူ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်သည့် အစီအစဉ်ဖြစ်ကြောင်း၊ မှုခင်းများတွင် အငြင်းပွားမှုကို မျှတစွာဖြေရှင်းရန်၊ အမှုလက်ကျန်များနှင့် ကြန့်ကြာနေသောမှုခင်းများ လျှော့ချ၍ တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုမြှင့်တင်ရန်နှင့် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသည့်ပုံစံများကို အသုံးပြုပြီး အမှုကိုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကြောင့် ရရှိမည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ဆွေးနွေးမေးမြန်းရာ မြို့နယ်တရားသူကြီးနှင့် တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည် ။

**မြို့နယ် (ပြန်/ဆက်)**

**မြောင်**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တရားရုံးမှဦးစီး၍ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ထီးလှိုင်ရှင်ခန်းမတွင် ကျင်းပသည်။

စစ်ကိုင်းခရိုင်တရားသူကြီး ဒေါ်ခင်မြင့်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်စုစုလွင်က မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်တရားသူကြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■

# ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်

**ထားဝယ် ဇွန် ၂၉**

ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းရေယာဉ်များပေါ်မှ ရေလုပ်သားများ၊ ရေယာဉ်မှူးများအား အသိပညာဗဟုသုတများရရှိစေပြီး သိရှိလိုက်နာစေရန်၊ ပင်လယ်ပြင်လုပ်ငန်းခွင်တွင်ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပင်လယ်ငါးဖမ်းရေယာဉ်ရေလုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေစဉ် ကျန်းမာရေးအရသော်လည်းကောင်း၊ ရာသီဥတုအခြေအနေအရ အန္တရာယ်နှင့်ရင်ဆိုင်လာရပါက သင်တန်းမှပို့ချထားသော အတွေ့အကြုံများကို လက်တွေ့အခြေအနေနှင့် ပေါင်းစပ်စေခြင်းဖြင့် မိမိတို့၏ အသက်အန္တရာယ်ကာကွယ်မှုမှာ ယခင်ကထက် ပိုမိုအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း



ပြောကြားသည်။

သင်တန်းတွင် သင်တန်းသား ၂၅ ဦးတို့အား ပင်လယ်ငါးဖမ်းရေယာဉ်ရေလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး၊ VMS ဆိုင်ရာညွှန်ကြားချက်များ၊ တားမြစ်ငါးဖမ်းကိရိယာများ၊ ဖမ်းဆီးခွင့်မပြုသော ငါးအမျိုးအစားများ၊ ငါးမဖမ်းရရာသီနှင့်နေရာများ စသည်တို့ကို ဇွန် ၃၀ ရက်အထိ တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

(ယမန်နေ့မှအဆက်)

### လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း


နိုင်ငံတော်သမ္မတထံ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း (၂၀-၁-၂၀၂၀)ရက်နေ့

- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန် နိုင်ငံတကာအဖွဲ့ဝင်များ ပါဝင်သည့် "လွတ်လပ်သောအချက်အလက်ရှာဖွေရေးကော်မရှင်တစ်ရပ်" အား ဖွဲ့စည်းရန် ကြားဖြတ်အကြံပြုချက်များတွင် အကြံပြုခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့နှင့် ယင်းကာလနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုများနှင့် ဒေသခံအမြောက်အမြားအားနေရပ်စွန့်ခွာသွားစေသည့် ယင်းတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ယင်းပဋိပက္ခဖြစ်စဉ်များနှင့် ဆက်စပ်သည့် တာဝန်ရှိသူများကို ဖော်ထုတ်နိုင်ရန်နှင့် ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မည်သည့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်ဟူသည့်အကြံပြုချက်များကိုပေးစွမ်းနိုင်ရန်ရည်ရွယ်၍(၃၀-၇-၂၀၁၈) ရက်နေ့တွင် အဖွဲ့ဝင်(၄)ဦးပါသော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ(၂၀-၁-၂၀၂၀) ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။

### နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေပြင်ကင်းလှည့်ခြင်း (၁၃)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## တရားမျှတမှုရရှိရေး

### လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု




- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်(၁၄)စောင်ကို လက်ခံရရှိခဲ့ပြီး ကော်မရှင်ရုံးချုပ်သို့ပေးပို့၍ ကော်မရှင်ရုံးချုပ်၏ စိစစ်ပြန်ကြားချက်များကိုလည်း ကာယကံရှင်များထံသို့ ပြန်ကြားဆောင်ရွက်လျက်ရှိပါသည်။



- ရုံးခွဲဖွင့်လှစ်ထားရှိမှုအား ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက်(၆-၃-၂၀၂၀)ရက်နေ့တွင် စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား/သူများထံသို့ လက်ကမ်းစာစောင်များ၊ ကော်မရှင်ဥပဒေနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းများအား အသိပညာပေးဖြန့်ဝေဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
- စစ်တွေမြို့အခြေစိုက် ရခိုင်ပြည်နယ် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအဖွဲ့သည် ကော်မရှင်ရုံးခွဲတာဝန်ခံနှင့် ၂၀၁၉ ခုနှစ်တွင်(၂)ကြိမ်၊ (၂၃.၃.၂၀၂၀)ရက်နေ့တွင်(၁)ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ကော်မရှင်အကြောင်း လက်ကမ်းစာစောင်များကို ဆက်လက်ဖြန့်ချီနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။



## ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး


နိုင်ငံတော်သမ္မတနှင့်အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံခြင်း (၂၇-၂-၂၀၂၀)ရက်နေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် (၂၇-၂-၂၀၂၀)ရက်နေ့မှ (၂၉-၂-၂၀၂၀)ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မစ္စတာရှရီနာရင်ဒရာမိုဒီနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ ခရီးစဉ်ဆိုင်ရာ မြန်မာ-အိန္ဒိယပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်၌ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အိန္ဒိယဘက်မှ ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်(၁၀)ခုအား လက်မှတ်ရေးထိုးခဲ့ရာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ မြောက်ဦးမြို့နယ်ရှိဆေးရုံတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည်ထုတ်ယူနိုင်သောစက်ရုံ တည်ဆောက်ရေးနှင့် ဗမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ဘူးသီးတောင်မြို့နယ်၌ ကျွဲရိုင်း-အိုးဖြူ ကျေးရွာသွားလမ်းခင်းခြင်းနှင့် ကျောင်းတောင်-ကျွန်းပေါက်ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ မူလတန်းကြိုကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်း သဘောတူညီချက်တို့ပါဝင်သည်။


တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏(၁၇-၁-၂၀၂၀) ရက်နေ့မှ (၁၈-၁-၂၀၂၀) ရက်နေ့အထိချစ်ကြည်ရေးခရီးစဉ်

တရုတ်နိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်သည်(၁၇-၁-၂၀၂၀) ရက်နေ့မှ(၁၈-၁-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်ရှိအသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ရန်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင်ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား တွေ့ဆုံခြင်း (၆-၂-၂၀၂၀)ရက်နေ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedtအား (၆-၂-၂၀၂၀)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံစဉ်တွင် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။



## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု

| စဉ် | ကော်မတီ/အဖွဲ့ | လုပ်ငန်းဆောင်ရွက်မှု |
|---|---|---|
| ၁ | တူးဖော်ရေးလုပ်ငန်းအဖွဲ့ | မြောက်ဦးနန်းတော်ရာကုန်း တူးဖော်တွေ့ရှိမှုမှ ထွက်ရှိလာသော ကျောက်ကျိုးကျောက်ပဲ့များအား သယ်ယူရွှေ့ပြောင်းခြင်းနှင့် ကျန်ရှိနေသေးသော နန်းတော်ရာကုန်း၏ တူးဖော်မှုများကို ဆက်လက်ဆောင်ရွက်ခြင်း |
| ၂ | ရှေးဟောင်းပစ္စည်းများမှတ်တမ်းပြုစုရေး ဆပ်ကော်မတီ | ရှေးဟောင်းပစ္စည်းများအား မှတ်တမ်းတင်ခြင်း၊ စာစီစာရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၃ | ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီ | Inventory ကောက်ယူထားသော ရှေးဟောင်း အဆောက်အအုံများအား ပုံထုတ်ရေးဆွဲခြင်း၊ နံပါတ်စာပါသော ကျောက်တိုင်များ စိုက်ထူခြင်း |
| ၄ | ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အစည်း | လကွယ်တောင်၊ စေတီ၊ နန်းသားကန်အနီးပတ်ဝန်းကျင်ဒေသ၊ ရသေ့တောင်စေတီ၊ ကိုးနဝင်းစေတီ၊ နန်းတော်ရာကုန်းအပေါ်ထပ်၊ ကျောက်ရာဇ်ကေကျုံးစေတီနှင့် မင်းရန်အောင်ပိဋကတ်တိုက်၊ နန်းတောရာကုန်း အနောက်ဘက်ကျုံး၊ ကျုံးလှေကာနှင့်ကျုံးရေထွက်ပေါက် မြေညှိခြင်း၊ မြောက်ဘက်ကျုံး ရေထွက်ပေါက်မြေညှိခြင်း၊ နန်းတော်ရာကုန်းအရှေ့ဘက် တတိယတံတိုင်း၊ တောင်ဘက် ဒုတိယတံတိုင်း၊ မြောက်ဘက်တတိယတံတိုင်းတို့အား ထိန်းသိမ်းရေးဆောင်ရွက်နိုင်ရန် ရှင်းလင်းခြင်း |
| ၅ | ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆပ်ကော်မတီ | ဌာနဆိုင်ရာများနှင့်မြောက်ဦးဒေသရှိ CSO များအား အသိပညာပေးဟောပြောခြင်း |
| ၆ | ညှိနှိုင်းဆွေးနွေးပွဲများ | (၂)ကြိမ် |

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

- တပ်ရင်းမှူးအဆင့်တွေ့ဆုံမှုအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ (၂-၃-၂၀၂၀)ရက်နေ့နှင့် (၁၁-၃-၂၀၂၀) ရက်နေ့တို့တွင် (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ







ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူးကိုယ်စားလှယ် Ms. Virginia Gamba နှင့် တွေ့ဆုံခြင်း (၁၄-၁-၂၀၂၀)ရက်နေ့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba သည် (၁၄-၁-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်စဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့်လည်းကောင်းတွေ့ဆုံ၍ ရခိုင်အရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့်(၄၃)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အား ကာကွယ်မြှင့်တင်ရန် တာဝန်ရှိသည့်နည်းတူ ပြည်တွင်း၌ ဆောင်ရွက်နိုင်သည့်နည်းလမ်းများမကုန်ဆုံးသည်အထိ အခြားအရေးယူဆောင်ရွက်ခြင်းတို့မပြုလုပ်သည့် မူဝါဒအားထောက်ခံအားပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ညကျန်း(Nha Trang)မြို့၌ (၁၆-၁-၂၀၂၀) ရက်နေ့မှ (၁၇-၁-၂၀၂၀) ရက်နေ့အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊

(၃၁-၁-၂၀၂၀) ရက်နေ့တွင် ဂျကာတာမြို့အခြေစိုက် အာဆီယံဆိုင်ရာအီးယူသံအမတ်ကြီး မစ္စတာ အီဂေါ်ဒရိုင်းစမန်းက လာရောက်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖန်တီးရေးတွင် အာဆီယံမှ ကူညီပံ့ပိုးပေးသည့်လုပ်ငန်းများ၌ အီးယူမှပံ့ပိုးပေးနိုင်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် (၂၇-၁-၂၀၂၀) ရက်နေ့မှ (၁-၂-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်စဉ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပြီး ရခိုင်အရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆွေးနွေးခဲ့ပါသည်-

- ကုလသမဂ္ဂ၊ အာဆီယံတို့နှင့်ပူးပေါင်းဆောင်ရွက်နေမှုနောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေ
- နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်ပိုမိုလျင်မြန်သွက်လက်လာစေရေးဆောင်ရွက်မှုအခြေအနေ
- မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့ခ်ဘဇားသို့သွားရောက်၍ နေရပ်စွန့်ခွာသူများနှင့်ထိတွေ့ရှင်းလင်းမှုအခြေအနေ
- နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ
- ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု



စာမျက်နှာ ၂၁ သို့ ❍

○ စာမျက်နှာ ၂၀ မှ




# MRTV မှ ဝန်ထမ်းများ ရုပ်သံဇာတ်လမ်းတွဲရေးသားခြင်းဆိုင်ရာသင်တန်း အွန်လိုင်းဖြင့် တက်ရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၉**

အာရှ-ပစိဖိတ် ရုပ်သံလုပ်ငန်းများအဖွဲ့အစည်း Asia Pacific Broadcasting Union (ABU) က ယနေ့ မွန်းလွဲပိုင်းတွင် ရုပ်သံဇာတ်လမ်းတွဲ ရေးသားခြင်းဆိုင်ရာသင်တန်းကို အွန်လိုင်းဖြင့်ပြုလုပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်း ရှစ်ဦး တက်ရောက်လေ့လာကြသည်။

အဆိုပါသင်တန်းတွင် ABU ရှိ ပါကစ္စတန်နိုင်ငံတွင် ရုပ်သံလုပ်ငန်း ၃၅ နှစ် အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူ Ms. Moneeza Hashmi က အောင်မြင်ကောင်းမွန်သည့် ရုပ်သံဇာတ်လမ်း၊ ဇာတ်ကွက်များ ဖန်တီးရေးသားရန်အတွက် လိုအပ်သည့်အချက်အလက်များကို အွန်လိုင်းမှ ဆွေးနွေးပို့ချရာ ယင်းသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ နေပြည်တော်နှင့် ရန်ကုန်တို့မှ ဝန်ထမ်းရှစ်ဦးတို့က အာရှ-ပစိဖိတ် ဒေသတွင်း နိုင်ငံ ၇၀ ကျော်မှ စိတ်ပါဝင်စားသူ ၃၇ ဦးတို့နှင့် ပါဝင်ချိတ်ဆက်ပြီး တက်ရောက်လေ့လာခြင်း ဖြစ်သည်။

ABU အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ အတွေ့အကြုံနှင့် နည်းပညာများကိုလည်း အွန်လိုင်းမှတစ်ဆင့် မျှဝေပေးလျက်ရှိရာ ယနေ့တွင် ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်မှုများအတွက် ဇာတ်လမ်း၊ ဇာတ်ကွက်ရေးသားခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာများကို ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထပ်မံထုတ်ချေး

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၀၀၀၀ ကို ယနေ့ နံနက် ၉ နာရီခွဲက ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

တောင်သူများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ကျောက်ဆည် မြို့နယ်အတွင်းရှိ တောင်သူ ၁၂၈၅ ဦးအား စိုက်ပျိုးမြေ ၅၇၅၂၈ ဧကအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၈၇၆၄ သိန်းအား ကျေးရွာများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အတွင်းရှိ ကျေးလက်နေ ပြည်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်တွင် အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများရှိနိုင်သည့်အတွက် တောင်သူများအား ငွေကြေးထောက်ပံ့ထုတ်ချေးပေးနိုင်ရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်စေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ထပ်မံထုတ်ချေးပေးခြင်းဖြစ်ကြောင်း ကျောက်ဆည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ငွေးဝင်းက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

ဥတုရာသီ
တောကို
မှီ၏

## ဖြည့်စွက်ဖတ်ရှုပါရန်

ဇွန် ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၉) တွင် ဖော်ပြထားသည့် ဦးဟန်ညွန့် (ဥပဒေ)၏ ရှေ့နေနှင့်ဥပဒေ ဆောင်းပါးပါ သရုပ်ဖော်ပုံကာတွန်းမှာ ရန်ကုန်ရှေ့နေအသင်း မဂ္ဂဇင်း၌ ကာတွန်းဆရာ ကိုရန်(မြောင်းမြ) ရေးဆွဲထားသည့် ကာတွန်းဟု ဖြည့်စွက်ဖတ်ရှုပါရန်။ **(စာတည်း)**

# လယ်ယာထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေးအမှတ်(၃)သမဝါယမအသင်း လီမိတက်မှ GW-11 စပါးမျိုးကောင်းမျိုးသန့်စပါးစိုက်ပျိုးထုတ်လုပ်

**ပြည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေးအမှတ်(၃) သမဝါယမအသင်းလီမိတက်သည် အသင်းပိုင် လယ်မြေများနှင့် အသင်းသား ၄၆၆ ဦး ပိုင်ဆိုင်သော စုစုပေါင်းလယ်ဧက ၁၆၁၀ ပေါ်တွင် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အရည်အသွေးကောင်းမွန်သော GW-11 စပါးမျိုးကို ယခုနှစ် နွေရာသီတွင် နွေစပါးအဖြစ် စိုက်ပျိုးထုတ်လုပ်ခဲ့ရာ တစ်ဧကလျှင် တင်း ၁၅၀ အထွက်နှုန်းဖြင့် စပါးတင်းပေါင်း ၂၄၁၅၀၀ ကို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။



သွင်းအားစုအနေဖြင့် ထွန်ယက်ပြီးစီးသည့်အခါ တစ်ဧကလျှင် ကွန်ပေါင်း (၁၅x၁၅x၁၅) ဓာတ်မြေသြဇာတစ်အိတ်၊ စပါးအပင်ပေါက်ပြီး ရက် ၃၀ သားတွင် ယူရီးယားဓာတ်မြေသြဇာ အိတ်တစ်ဝက်၊ စပါးပင်ရက် ၆၀သားတွင်ယူရီးယားဓာတ်မြေသြဇာအိတ်တစ်ဝက်၊ စပါးပင် ၇၅ ရက်နှင့် ရက် ၈၀ သားတွင် ကွန်ပေါင်း(၁၅x ၁၅x၁၅) ဓာတ်မြေသြဇာအိတ်တစ်ဝက်ကို သုံးစွဲရပြီး စုစုပေါင်းလယ်ယာမြေ တစ်ဧကလျှင် ဓာတ်မြေသြဇာ နှစ်အိတ်ခွဲ သုံးစွဲရပါကြောင်းနှင့် GW-11 စပါးမျိုးကောင်းမျိုးသန့်သည် အပင်အမြင့် သုံးပေခွဲ၊ အနှံပါအပင်ပွားမှု ကိုးပင်မှ ၁၀ ပင်၊ စပါးနှံအရှည် ကိုးလက်မ၊ စပါးနှံတစ်နှံတွင် သီးလုံး ၁၇၅ လုံးခန့် သီးကာ ဆန်အရည်အသွေး ကောင်းမွန်ပြီး စားသုံးရာတွင်လည်း နူးညံ့ကောင်းမွန်သည့် စပါးမျိုးဖြစ်သည်။

ထိုစပါးမျိုးသည် ဇီဝပြုပြင်ထားသော သီးနှံမဟုတ်၍ နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်သည့်အတွက် ယခုနှစ် မိုးစပါးကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် သမဝါယမအသင်းသားများ ပိုင်ဆိုင်သော လယ်ယာမြေဧက ၅၀၀၀ ပေါ်တွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်ခရိုင် မယ်ဆိုင်ချောင်းအနီးတွင် ငါးရစ်ငါးသန်အသိပညာပေးလုပ်ငန်းဆောင်ရွက်

**တာချီလိတ် ဇွန် ၂၉**

ဒေသအတွင်း ငါးသယံဇာတများပြုန်းတီးမှုမရှိစေရေး၊ တိုင်းရင်းငါးမျိုးများ မျိုးတုံးပျောက်ကွယ်မှုမရှိစေရေးအတွက်ရည်ရွယ်၍ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု မယ်ဆိုင်ချောင်းတွင် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်းမပြုလုပ်ရန်၊ ငါးရစ်ငါးသန်ကာလတွင် ငါးဖမ်းဆီးခြင်းမပြုရန် ပညာပေးဗီနိုင်းပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအား ယမန်နေ့တွင် တာချီလိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းမောင်ဦးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဝေါမြို့နယ် မိုးယွန်းကြီးအင်းဘေးမဲ့တော၌ ကွင်းဆင်းဆောင်ရွက်

**ဝေါ ဇွန် ၂၉**

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနတို့မှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းကွင်းဆင်းရေးအဖွဲ့သည် ယမန်နေ့တွင် မိုးယွန်းကြီးအင်းဘေးမဲ့တောအတွင်း ငါးရစ်ငါးသန်ရာသီကာလအတွင်း တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိရသော ငါးရစ်ငါးသန်ကာလအတွင်း ယင်းများ အခိုင်အမာစိုက်ထူ၍ ဆောင်ရွက်ထားသော မြှုံးတန်းများအား ရှင်းလင်းဖယ်ရှားဖျက်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့

**တောင်ကြီး ဇွန် ၂၉**
ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မားအူးလ်အွန်ဒုံ စီမံကိန်းကျေးရွာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က မြန်မာဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းကို ရှမ်းပြည်နယ်တွင် တောင်ကြီးမြို့နယ်၌ လူရိုးတောင်၊ ဘုရားမဲ၊ ဘန်းကန်(ရွာမ)၊ ကျောက်စု၊ ညောင်စဉ်ကျေးရွာနှင့် ကလောမြို့နယ်တွင် လက်ပံပင်၊ နောင်လွယ်၊ ဥဿကံ၊ သာမိုင်းခမ်း၊ ပုန်းအင်းကျေးရွာ စုစုပေါင်းကျေးရွာ ၁၀ ရွာတွင် ၂၀၁၆ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေ အထောက်အပံ့ဖြင့် ရပ်စောက်မြို့နယ် မြေနီကုန်းကျေးရွာတွင် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းကူညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အတွက် ရှမ်းပြည်နယ်အတွင်း စုစုပေါင်းကျေးရွာ ၁၁ ရွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် ကျေးရွာများ၏ စံပြဖြစ်သော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကျေးရွာများအား ကိုဗစ်-၁၉ရောဂါကာကွယ်ရေးကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် လက်ဆေးဘေစင်နှင့် ဆပ်ပြာ ၂၅ စုံ၊ နှာခေါင်းစည်း အခုရေ ၄၇၀၀၊ Infrared Thermometer ၁၄ ခုတို့ကိုထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို စီမံကိန်းကျေးရွာ ၁၁ ရွာနှင့် တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ပြည်နယ်ဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်စီမံကိန်းဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်မှူး၊ ဒုပြည်နယ်မှူးနှင့် ခရိုင်ဦးစီးမှူးတို့က အသီးသီးပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အရေးပေါ် လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ထောက်ပံ့



**မြိတ် ဇွန် ၂၉**
တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျက် ရှိသည့် အရေးပေါ်လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမတွင် ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြိတ်မြို့ရှိ အရေးပေါ်လူနာတင်ယာဉ်အသင်းများအား ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါ်လွင်လွင်မွန်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ စနစ်တကျ ဝတ်ဆင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အရေးပေါ်လူနာတင်ယာဉ်အသင်းများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပေးအပ်ခဲ့ကြပြီး မြိတ်ခရိုင် လူနာတင်ယာဉ်အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မျိုးဦးက အသင်းများမှ ကိုဗစ်-၁၉ ရောဂါကာလတွင် ကာကွယ်ရေးလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်နေမှုများကို ပြန်လည်ပြောကြားခဲ့သည်။ **ခိုင်ထူး (ပြန်/ဆက်)**

# မတည်ရန်ပုံငွေစီမံကိန်းအတွက် ကျေးရွာရွေးချယ်

**နတ်တလင်း ဇွန် ၂၉**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းတွင် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Cash For Work (CFW) စီမံကိန်းနှင့်ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း (VRFP) ရွေးချယ်ခြင်း အခမ်းအနား ကျင်းပသည်။ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကျေးရွာများရွေးချယ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များအား ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ထပ်ဆင့်ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) မှကျေးရွာများအား ရွေးချယ်ကြသည်။ **တင်မြင့်(နတ်တလင်း)**



## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၄)ရက် (စနေနေ့)

MOALI
4 July 2020 #coopsday International Day of Cooperatives
coop International Co-operative Alliance

"Cooperatives for Climate Action"

"ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့"



# မြန်မာ့ဒေသရင်းငှက်မျိုးစိတ်ခုနစ်မျိုးအား ဖမ်းဆီးမှုများမရှိစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၂၉**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာတွေ့ရှိရပြီး ပုဂံရှေးဟောင်းဒေသတွင် ပေါက်ပွားရှင်သန်နေထိုင်လျက်ရှိသည့် မြန်မာ့ဒေသရင်းရှားပါးငှက်မျိုးစိတ် ခုနစ်မျိုးအား ဖမ်းဆီးသတ်ဖြတ်မှုများမရှိစေရန် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားသည်။

''ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ပုဂံဒေသကို ခရီးသွားဝင်ရောက်မှု နည်းပါးနေတဲ့အတွက် သားငှက်တိရစ္ဆာန်တွေ လာရောက်ကျက်စားမှု များပြားလာတယ်။ ဒီလိုအချိန်မှာ အပျော်သဘောမျိုးနဲ့ ဒါမှမဟုတ် အခြားရည်ရွယ်ချက်နဲ့ လိုက်လံဖမ်းဆီးသတ်ဖြတ်မှုတွေ လုပ်လာတာကို တွေ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနက ဧပြီလကုန်လောက်ကစပြီး ပုဂံရှေးဟောင်းဒေသမှာ ငှက်တွေကို လိုက်ပြီးပစ်ခတ်သတ်ဖြတ်တဲ့အဖွဲ့တွေကို ပူးပေါင်းအဖွဲ့နဲ့လှည့်ကင်းလှည့်ပြီး ငှက်တွေကိုမသတ်ဖြတ်ဖို့ ပညာပေးစည်းရုံးမှုတွေလုပ်တယ်။ အသိပညာပေးဆိုင်းဘုတ်တွေစိုက်ထူပြီး သတိပေးမှုတွေလုပ်နေတယ်။ ဒါကြောင့် လက်ရှိအချိန်မှာတော့ ဒီလိုသတ်ဖြတ်မှုတွေနည်းပါးသွားပါပြီ'' ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာတွေ့နိုင်သည့် ဒေသရင်းငှက်မျိုးစိတ်ကိုးမျိုးရှိပြီး ၎င်းတို့အနက် ခုနစ်မျိုးသည် ပုဂံ-ညောင်ဦးဒေသတွင်တွေ့ရပြီး ကျန်မျိုးစိတ်နှစ်မျိုးသည် နတ်မတောင်ဒေသတွင် တွေ့ရှိရကြောင်းနှင့် ပုဂံဒေသရှိ ရှားပါးငှက်မျိုးစိတ် ခုနစ်မျိုးအား ပြည်တွင်း ပြည်ပမှ ငှက်ဝါသနာရှင်များ တန်ဖိုးထားလာရောက်လေ့လာနေကြသည့်အတွက် ၎င်းငှက်များအား ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုလုပ်ရန် ပုဂံမြို့ဟောင်းနှင့် မြို့တွင်းနေရာအနှံ့အပြားတွင် အသိပညာပေးဆိုင်းဘုတ်များနှင့် ဗီနိုင်းများစိုက်ထူချိတ်ဆွဲကာ အသိပေးထားကြောင်း ပုဂံဧည့်လမ်းညွှန်အသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးထက်ထွန်းအောင်က ပြောကြားသည်။



ငှက်မျိုးစိတ် ခုနစ်မျိုးမှာ မြန်မာဘီလုံးငှက်၊ စွေ့ငှက်၊ ချိုးလင်းပြာငှက်၊ ငှက်မင်းသားဝမ်းဖြူ၊ ဘွတ်ချွဲငှက်၊ နဖားကြိုးမြီးဝိုင်းငှက်နှင့် ငှက်လက်မမြီးရှည် စသည့်ငှက်မျိုးစိတ်တို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# သဘာဝပင်လယ်သယံဇာတစာရင်းဝင်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဇွန် ၂၉**

ကော့သောင်းမြို့နယ် အက်ဒမန်ပင်လယ်အတွင်း ကျွန်းများတစ်ဝိုက် ပင်လယ်လိပ်များပေါက်ဖွားကြီးပြင်းတိုးပွားများပြားလာရေး ပင်လယ်လိပ်မျိုးစိတ် တစ်မျိုးဖြစ်သည့် Loggerhead လိပ်ခွေးအမျိုးအစား သားပေါက်အကောင်ငယ်များအား ဇွန် ၂၃ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများအဖွဲ့ဖြင့် ညောင်ဦးဖီးကျွန်းကမ်းခြေ သဲသောင်ပြင်မှ တစ်ဆင့် ပင်လယ်အတွင်းသို့ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

ညောင်ဦးဖီးကျွန်းသည် ကော့သောင်းမြို့မှ ရေမိုင် ၃၀ ခန့်ကွာဝေးပြီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသော ကျွန်းငယ်လေးဖြစ်ကာ သဘာဝပတ်ဝန်းကျင် အနေအထားအရ ပင်လယ်လိပ်ကြီးများ ဥချမွေးဖွားကြီးပြင်းလေ့ရှိသည့် ဖြူလွနူးညံ့သည့် သဲသောင်ပြင်တန်းများ ရှည်လျားများပြားစွာတည်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလျက်ရှိသည့် ကျွန်းတစ်ကျွန်းဖြစ်သည်။

အရွယ်အစားနှစ်လက်မခွဲအရွယ်ရှိလိပ်သားပေါက် အကောင် ၂၀ ခန့်အား ဟိုင်းကြီးကျွန်းဒေသမှ ယခုနှစ် မတ်လအတွင်းက ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သယ်ယူလာခဲ့ပြီး ကော့သောင်းမြို့နယ် ညောင်ဦးဖီးကျွန်းသဲသောင်ပြင်တွင် သဘာဝပတ်ဝန်းကျင်အတိုင်း အထူးစီမံပြုပြင်ဖန်တီးထားသည့် ပြုစုကန်တွင် သုံးလကျော်ခန့် အစာကျွေးမွေးမြူထားခဲ့ကာ ယခုအရွယ်ရောက်ချိန်လေးလက်မခွဲခန့်အရွယ်တွင် ပင်လယ်ပြင်အတွင်း သဘာဝအတိုင်းကြီးပြင်းပေါက်ဖွားတိုးပွားများပြားလာရေး လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် လွှတ်ပေးခဲ့ကြခြင်းဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးသန့်ဇင်က ပြောကြားသည်။

အဆိုပါ လိပ်မျိုးစိတ်သည် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ရှားပါးမျိုးသုဉ်းလုနီးပါးဖြစ်လာနေသဖြင့် လိပ်ကောင်ရေများပြားတိုးပွားလာကာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ရေသယံဇာတများ တစ်ဖက်တစ်လမ်းမှ တိုးပွားလာရေးနှင့် မြန်မာနိုင်ငံ၏ သဘာဝခရီးသွားလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာရေးရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**



# ရွှေစက်တော်ဘေးမဲ့တော၌ နှစ်စဉ်ကြယ်လိပ်ဥအလုံးရေ ၁၀၀၀ ကျော်ဥ

**မင်းဘူး ဇွန် ၂၉**

မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောရှိ ကြယ်လိပ်ခြံများတွင် နှစ်စဉ်ကြယ်လိပ်ဥအလုံးရေ ၁၀၀၀ ကျော် ဥဥပြီး အကောင်ပေါက်ပွား အသက်ရှင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းရှိကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

“ကြယ်လိပ်တွေက တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်လောက်မိတ်လိုက်ပြီး ဥတတ်ပါတယ်။ ၂၀၁၉ ခုနှစ်တည်းမှာ ဥအလုံးရေ ၁၁၅၀ ရပါတယ်။ မွေးဖွားတာ ၅၀၇ ကောင် မွေးဖွားပြီးတော့ ၉၃ ကောင်သေဆုံးသွားပါတယ်။ ၄၁၄ ကောင်ရှင်သန်တဲ့အတွက် ၅၀ ရာခိုင်နှုန်းလောက် သားပေါက်တင်နှုန်းရှိတယ်လို့ ပြောလို့ရပါတယ်” ဟု ရွှေစက်တော်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးအောင်စိုးတင့်က ပြောကြားသည်။

၂၀၂၀ပြည့်နှစ်တွင် သားပေါက်အထီး ၄၂ ကောင်၊ အမ ၉၇ ကောင် စုစုပေါင်း ၁၃၉ ကောင်ရှိနေပြီး မိုးအကုန် စက်တင်ဘာလတွင် ထပ်မံဥဥမည့်ကာလဖြစ်ကြောင်း၊ ဘေးမဲ့တောကြယ်လိပ်ခြံများတွင် ကြယ်လိပ်အကောင်ရေ ၁၀၂၅ ကောင်ကို လတ်တလောထိန်းသိမ်းမွေးမြူထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ဝက်ဝမ်းကျရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန် ကာကွယ်ဆေးများထိုးနှံ

**လှိုင်ကော် ဇွန် ၂၉**

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ဆုံးရှုံးမှုနည်းပါးစေရန် ရည်ရွယ်၍ လောပီတကျေးရွာအုပ်စု ၊ ကျောက်တောင်ကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီက ဝက်ဝမ်းကျရောဂါ ကြိုတင်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ဝက်ခြံပတ်ဝန်းကျင်အား ပိုးသတ်ဆေးဖျန်းခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်သူထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ တိုးညွှန့်၊ ဒုဦးစီးဒေါက်တာချစ်နှင်းဝေ၊ လှိုင်ကော်ကျေးလက်ဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းတာဝန်ရှိသူ ဦးကျော်သူရဝင်းတို့က လိုက်ပါဆောင်ရွက်ပေးခဲ့ပြီး ရာသီကာလအပိုင်းအခြားအလိုက် ဝက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါအကြောင်းအသိပညာပေးခြင်း၊ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်သတိပြုစရာ အသိပညာပေးလက်ကမ်းစာစောင်များပေးဝေခဲ့ကြသည်။

ယင်းနေ့တွင် ကျောက်တောင်ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ဝက်မွေးမြူသူများအပြင် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ဝက်ကောင်ရေ ၄၀ အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်ရှိသည့် ကျေးရွာများတွင်လည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များအတွက် အစားအစာကျွေးနိုင်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များအတွက် အစားအစာများ ကိုယ်တိုင်လာရောက်ကျွေးမွေးနိုင်ပြီး အစာဖိုးအလှူငွေများ လာရောက်လှူဒါန်းနိုင်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စီမံမန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရန်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန်တို့အတွက် တိရစ္ဆာန်ဥယျာဉ်ကို မတ် ၂၆ ရက်မှစတင်၍ ရက်အကန့်အသတ်မရှိပိတ်ထားလျက်ရှိသည်။ ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များအား တိရစ္ဆာန်ချစ်သူများက ကိုယ်တိုင်အစာကျွေးမွေးလိုပါက နံနက် ၈ နာရီခွဲနှင့် မွန်းလွဲ ၂ နာရီတို့တွင် အလှူရှင်များ လာရောက်ကျွေးမွေးနိုင်ကြောင်း သိရသည်။

နံနက်ပိုင်းတစ်ဖွဲ့နှင့်မွန်းလွဲပိုင်းတစ်ဖွဲ့ဖြင့် တစ်ရက်လျှင် နှစ်ဖွဲ့သာကျွေးခွင့်ပြုမည်ဖြစ်သည်။ ထိုသို့လာရောက်ရာတွင်တစ်ဖွဲ့လျှင် လူဦးရေအနည်းဆုံး ငါးဦးမှအများဆုံး ခုနစ်ဦးသာ လာရောက်ခွင့်ပြုမည်ဖြစ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

တိရစ္ဆာန်များကို အစာကျွေးရာတွင် အလှူရှင်များကိုယ်တိုင် အသီးအနှံနှင့် အရွက်များကို ပြင်ပမှဝယ်ယူလာပြီး တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် ပြင်ပမှဝယ်ယူလာသည့် အစာများကို တိရစ္ဆာန်ဥယျာဉ်ရှိ တာဝန်ရှိသူတို့က စစ်ဆေးပြီးမှသာ ကျွေးခွင့်ရမည်ဖြစ်သည်။ ထိုသို့ကျွေးမွေးရန်အတွက် ကြိုတင်ရက်ချိန်းယူရမည်ဖြစ်သည်။ တစ်ရက်စာလှူဒါန်းလိုပါက ကျပ် ၁၀ သိန်း သတ်မှတ်ထားသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ် ၁၃၆ မျိုးရှိပြီး တိရစ္ဆာန်အကောင်ရေစုစုပေါင်း ၁၅၀၀ ကျော်ရှိသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များကို အစာကျွေးမွေးလိုပါက ကျွေးမွေးလိုသည့်ရက် ကျွေးမွေးလိုသည့်အစာနှင့်အစီအစဉ်အသေးစိတ်ကို ဖုန်း ၀၉ ၆၈၂၀၁၁၁၇၀၊ ၀၉ ၄၄၈၀၀၇၅၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

## နည်းပြ ပြောင်းလဲထားသည့် မြန်မာ ယူ-၁၆ အသင်းကို ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန်  ဇွန်  ၂၉**

နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် မြန်မာ ယူ-၁၆ အသင်းကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ ယူ-၁၆ အသင်းနည်းပြချုပ်အဖြစ် ဦးချစ်နိုင်ကို ပြောင်းလဲတာဝန်ပေးထားပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေတည်ငြိမ်သွားပါက စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

နည်းပြသစ် ဦးချစ်နိုင်သည် အသင်းအင်အားတောင့်တင်းစေရန်နှင့် အရည်အသွေးပြည့်ဝသည့် ကစားသမားများရရှိရန် လူရွေးပွဲကျင်းပကာ စခန်းဝင်မလေ့ကျင့်မီ ကစားသမားများ ပြန်လည်ရွေးချယ်မည်ဖြစ်သည်။ ယခင် ရွေးချယ်ထားသည့် ကစားသမားများအပြင် အသက်မီပြီး အလားအလာရှိသည့် ကစားသမားများကို ပြန်လည်ရွေးချယ်ကာ လူရွေးပွဲကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် အကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြန်လည်ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကစားသမားများအပြင် ကလပ်အသင်းများမှ အသက်မီသည့်ကစားသမားများကိုပါ ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ပြီးခဲ့သည့်နှစ်က နည်းပြအပြောင်းအလဲများခဲ့သည့်အသင်းဖြစ်ပြီး ယခင်နည်းပြချုပ်ဟောင်း ဦးမင်းသူကိုမူ လက်ထောက်နည်းပြအဖြစ် ပြောင်းလဲတာဝန်ပေးမည်ဖြစ်သည်။

မြန်မာ ယူ-၁၆အသင်းသည် ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး လာမည့်နှစ်တွင်မူ အာဆီယံပြိုင်ပွဲအပြင် အာရှခြေစစ်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် MFF Youth အသင်းအမည်ဖြင့် ၂၀၂၀ ရာသီ MNL ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယင်းပွဲများအတွက်လည်း ပြင်ဆင်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မန်ယူနဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ မန်စီးတီးတို့ ထိပ်တိုက်တွေ့ဆုံ

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားပြီးနောက် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေ မဲခွဲခဲ့ရာမှာ မန်ယူအသင်းက ချယ်လ်ဆီးအသင်းနဲ့လည်းကောင်း၊ အာဆင်နယ်အသင်းက မန်စီးတီးအသင်းနဲ့လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ အခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ အက်ဖ်အေဖလားမှာ အောင်မြင်မှုအများဆုံးရရှိထားတဲ့ အသင်းသုံးသင်းပါဝင်နေပြီး အဲဒီအသင်းတွေကတော့ အာဆင်နယ်အသင်း၊ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပဲ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားချန်ပီယံအဖြစ် ၁၃ ကြိမ်အထိ အောင်ပွဲခံထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းမှာ ဆုဖလားအများဆုံးရယူထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ မန်ယူအသင်းကတော့ အက်ဖ်အေဖလားကို ၁၂ ကြိမ်အထိ ဗိုလ်စွဲထားပြီး မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ချယ်လ်ဆီးအသင်းကတော့ အက်ဖ်အေဖလားကို ရှစ်ကြိမ် ဗိုလ်စွဲထားတာဖြစ်ပါတယ်။ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ၂၀၁၈ ခုနှစ်က အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲမှာ ထိပ်တိုက်ဆုံတွေ့ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး အက်ဖ်အေဖလားကို ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းနဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ထိပ်တိုက်တွေ့နေတဲ့ မန်စီးတီးအသင်းကတော့ လက်ရှိ အက်ဖ်အေဖလားချန်ပီယံဖြစ်ပြီး ပြီးခဲ့တဲ့နှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်မှာ ဝက်ဖို့ဒ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကို ဇူလိုင် ၁၈ ရက်နဲ့ ၁၉ ရက်တို့မှာ ဝင်ဘလေကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ ဩဂုတ် ၁ ရက်မှာ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။




၂၀၁၉ ခုနှစ် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းကို အနိုင်ရပြီး အက်ဖ်အေဖလားချန်ပီယံအဖြစ် မန်စီးတီးအသင်းအောင်ပွဲခံစဉ်။

နိုင်လင်းကြည်

# အနုပညာ

## တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့် ဂျန်အွန်းဂျီ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ Apink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်အွန်းဂျီဟာ မကြာမီမှာ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

သူဟာ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇူလိုင်လလယ်ပိုင်းမှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်အွန်းဂျီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ပလေးအမ်အင်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးက ဂျန်အွန်းဂျီရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇူလိုင်လလယ်ပိုင်းမှာ စတင်ထုတ်လွှင့်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့တာပါ။ ၎င်းက ဒီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်နေဆဲဖြစ်တာမို့ နောက်ပိုင်းမှာ အသေးစိတ် အစီအစဉ်တွေကို ထုတ်ဖော်ပြောကြားသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

## ကြည့်ရှုသူအများဆုံးကေပေ့ါပ်တေးသံရှင်ဖြစ်လာတဲ့ BLACK PINK




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ DDU-DU DDU-DU ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာ ယူကျူပေါ်မှာ ကြည့်ရှုသူအများဆုံးသော ကေပေ့ါပ်တေးဗီဒီယိုအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးဗီဒီယိုဟာ လတ်တလောမှာ ကြည့်ရှုသူ ၁ ဒသမ ၂ ဘီလီယံ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ BLACK PINK ဟာ အဆိုပါ တေးဗီဒီယိုကို ကြည့်ရှုသူ ၁ ဒသမ ၁ ဘီလီယံကို စတင်ထုတ်လွှင့်ပြီးနောက် လေးလခန့်မှာ ရရှိခဲ့တာဖြစ်ပြီး နောက်ထပ် သုံးလအကြာမှာ ကြည့်ရှုသူ ၁ ဒသမ ၂ ဘီလီယံ ပြည့်မြောက်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် လတ်တလော စတင်ထုတ်လွှင့်လိုက်တဲ့ BLACK PINK ရဲ့ တေးသီချင်းသစ် Do You Like That ဟာလည်း စတင်ထုတ်လွှင့်ပြီး မကြာမီမှာပင် စံချိန်သစ်တွေ တင်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်-ရေးသားသည်**

## အသက်အငယ်ဆုံးသော BET Awards ဆုရှင်ဖြစ်လာတဲ့ ဘလူးအိုင်ဗီကာတာ



အနုပညာနဲ့ အားကစားစတဲ့ ဖျော်ဖြေတင်ဆက်ရေးအပိုင်းမှာ ထူးချွန်သူတွေကို ရွေးချယ်ကာ ဆုချီးမြှင့်ပေးတဲ့ BET Awards ဆုပေးပွဲရဲ့ ယခုနှစ်အတွက် ပြုလုပ်ခဲ့တဲ့ ဆုပေးပွဲမှာ အသက် ရှစ်နှစ်အရွယ် ဘလူးအိုင်ဗီကာတာက ထူးချွန်ဆုတစ်ဆု ရရှိခဲ့ပါတယ်။ သူဟာ အဆိုပါဆုပေးပွဲတစ်လျှောက် ထူးချွန်ဆုရရှိခဲ့တဲ့ အသက်အငယ်ဆုံးသော သူလည်းဖြစ်ကြောင်း ကော့စမိုပိုလီတန် ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘလူးအိုင်ဗီကာတာဟာ ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ရဲ့ သမီးတစ်ဦး ဖြစ်ပါတယ်။ တေးသံရှင် မိဘနှစ်ပါးက မွေးဖွားလာတဲ့ ဘလူးအိုင်ဗီကာတာဟာ အဆိုပညာရပ်မှာ ပါရမီရှိသူတစ်ဦးလို့လည်း ဆိုနိုင်ပါတယ်။ သူဟာ မိခင် ဘီယွန်းစေးနဲ့အတူ တွဲဖက်သီဆိုထားတဲ့ Brown Skin Girl တေးသီချင်းနဲ့ BET Awards ထူးချွန်ဆုကို လက်ခံရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်အတွက် BET Awards ဆုပေးပွဲကို ဇွန် ၂၉ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲကို အွန်လိုင်းကနေတစ်ဆင့် ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယခုနှစ် ဆုပေးပွဲဟာ BET Awards ရဲ့ နှစ် ၂၀ ပြည့် ဆုပေးပွဲလည်း ဖြစ်ကြောင်း သိရပါတယ်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**Covid-19 ကာလအတွင်း မြေငှားစာချုပ်(ဂရန်)အပေါ် တံဆိပ်ခေါင်းခွန် အလွယ်တကူ ထမ်းဆောင်နိုင်ရန် ဝန်ဆောင်မှု အသိပေးကြေညာခြင်း**

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် Covid-19 ကာလအတွင်း အခွန်ထမ်းပြည်သူများ အဆင်ပြေစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ထုတ်ပေးသည့် မြေငှားစာချုပ် (ဂရန်) အပေါ်တွင် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းများကို အောက်ဖော်ပြပါ နေရာအသီးသီးတွင် ဝန်ဆောင်မှုရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) တံဆိပ်ခေါင်းအရောင်းဌာနစိတ်(ရန်ကုန်) အမှတ်-၁၂/၃၃၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်။
(၂) MCC ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။
(၃) ကျောက်တံတားမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ၂၀၀/၂၀၈၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်။
(၄) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအားလုံး။

(မင်းထွန်း)
ညွှန်ကြားရေးမှူးချုပ်

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု ကွင်းအမှတ် (၅၁၁-ခ) နှင့် (၅၁၉-က) လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် (၉၇၈) ကလီထောအနောက်အုပ်စု၊ ကွင်းအမှတ် (၉၇၇) တွင် ရှိသော အထူးဇုန် (၃) ရှိ မြေကွက်အမှတ် (ဇုန်-၃)၊ အကွက်အမှတ် (၂၂၆)၊ (၁)ယူနစ်ဧရိယာ (၅) ဧကကျယ်ဝန်းသော မြေကွက်ကို လက်ရှိပိုင်ဆိုင်ထားသော ဦးမောင်ဝင်း (၁၂/ဥကတ (နိုင်) ၀၀၈၉၀၅) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ် စရန်ငွေပေးသည့်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဖော်ပြထားသည့် ဖုန်းနံပါတ်များနှင့် ဆက်သွယ်၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးစိန်ထွန်း (စ) ဦးသန်းရွှေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၉)
ဖုန်း - ၀၉ ၅၁၈၈၆၂၉၊ ၀၉ ၇၉၃၂၆၈၃၄၈
၀၉ ၄၅၀၀၂၉၈၀၅

**အမည်ပြောင်း**

ဦးနေခြည်ဦး၏ သားဖြစ်သူ မောင်ကောင်းဇာနည်ဦး [၁၂/ဥကတ (နိုင်)၁၇၄၄၀၆]အား မောင်အောင်ဘုန်းမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဘုန်းမြင့်**

**အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည် ရုပ်သိမ်းကြောင်းကြေညာခြင်း**

ကျွန်မ ဒေါ်ဆွေဆွေတင်[၁၂/ကမရ(နိုင်)၀၂၇၄၇၂]မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပ ရပ်ကွက်၊ မြေကွက်အမှတ်-ပ-၂၀၂၄၉(A)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် -၈၃၆၂(၅-၁၂-၂၀၁၁)ရက်စွဲဖြင့် ဒေါ်အေးအေး[၅/မမတ(နိုင်)၀၂၈၂၂၆]သို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို (၁-၇-၂၀၂၀)ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ဆွေဆွေတင်[၁၂/ကမရ(နိုင်)၀၂၇၄၇၂]**
**ဖုန်း-၀၉-၄၂၀၇၄၂၄၃၈**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၉**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ်(၁၁၁/၂၀၂၀) ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၁၁၂/၂၀၂၀)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၁၃/၂၀၂၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၁၄/၂၀၂၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း ဇွန်လ ၂၉ ရက်စွဲဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါသတ်မှတ်ထုတ်ပြန်ချက်များအရ ယခုနှစ်အတွင်း ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၄၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

၃။ ယင်းမဲဆန္ဒနယ်မြေများ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်းအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် မကာအိုဒေသတို့မှ ပြန်လည်ရောက်ရှိလာသော မြန်မာအလုပ်သမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၉**

ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် မကာအိုဒေသတို့တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၁ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၁၇၁ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ရှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ဦး

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ○

# မြဝတီမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့

**မြဝတီ ဇွန် ၂၉**

နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို ပြီးခဲ့သည့် ဧပြီလက ထောက်ပံ့ပေးခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့်



မရရှိခဲ့သည့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၀၉၉၅ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပြန်လည်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ပြန်လည်ထောက်ပံ့ပေးရာတွင် ရရှိပြီးသားသူများ မပါရှိစေရေး၊ အမှန်တကယ်ရသင့်ရထိုက်သောသူများအား လက်ဝယ်အရောက် ပေးအပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့သည် မြဝတီမြို့ အမှတ် (၄) ရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း ၁၀၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ ကို အမှတ် (၄) ရပ်ကွက် ကံဆင့်မြိုင်ကျေးရွာဘုန်းကြီးကျောင်း၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများမှာ နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၁၆၄၉၂၅၀၀၀ ကို ဇွန် ၂၆ ရက်တွင် မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၈၀ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၂၉**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ညနေ ၆ နာရီက ၃၂ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၄၈ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၈၀ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါနေရပ်ပြန်ပြည်သူ ၈၀ တို့မှာ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၄၁ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ လေးဦး၊ ရှမ်းပြည်နယ်မှ ၃၂ ဦးနှင့် ရခိုင်ပြည်နယ်မှ လေးဦးတို့ဖြစ်ကြပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူးများနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် ယာဉ်များစီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၈၃၄ ဦးနှင့် အမျိုးသမီး ၅၄၉၀ တို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၂၃၂၄ ဦး တို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ကြေးမုံ ယနေ့ ဖတ်စရာ


**မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း**

စာမျက်နှာ » ၈

**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ကြေညာချက် ထုတ်ပြန်**

စာမျက်နှာ » ၉

**အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄၅၉ ဦး စံချိန်တင်တွေ့ရှိပြီး ၃၈၀ သေဆုံး**

စာမျက်နှာ » ၁၁



**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅